
စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# မသိန်းရှင်ဆီ ပို့ပေးပါ


## နိုင်ဝင်းဆွေ



ရှမဝဦးကျော်နှင့်နိုင်ဝင်းဆွေတို့၏
မသိန်းရှင်ဝတ္ထုနှင့်ပတ်သက်၍
အပြန်အလှန်ပေးစာများပါဝင်သည်။

ပြန်လည်ဖိုတ်နှိပ်ခြင်း

mgyoe.com



# မသိန်းရင်ဆီ ပို့ပေးပါ

## နိုင်ဝင်းဆွေ

NWS0007
3,000.00 KS

mgyoe.com

mgyoe.com

မသိန်းရှင်ဆီပို့ပေးပါ၊ နိုင်ဝင်းဆွေ
မျက်နှာဖုံးပန်းချီ - ဇော်မောင်၊ စာမျက်နှာ    မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဒီဇင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၁၉၇၁ သင့်စာပေ၏ ပထမအကြိမ်မူ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၃၀၀၀ ကျပ်

ကျေးဇူးမှတ်တမ်း - ဆရာဇော်နိုင်ဦး

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မသိန်းရှင်ဆီပို့ပေးပါ
# နိုင်ဝင်းဆွေ

ဤဝတ္ထုနှင့်ပတ်သက်၍
ရှမဝဦးကျော်နှင့်နိုင်ဝင်းဆွေတို့
အပြန်အလှန်ပေးစာများ
ပါဝင်သည်။

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၀၆

mgyoe.com

mgyoe.com

**စာရေးသူ၏ ဝန်ခံချက်**

ဤဝတ္ထုမှာ ကျွန်တော်ကျင်လည်ခဲ့သော ဘဝကို
ပြန်ရေးခြင်းဖြစ်ပါ၏။ ရှုမဝမဂ္ဂဇင်း၌ မဖော်ပြနိုင်ပါသဖြင့်
ပြန်၍ ရင်ခွင်ပိုက်ထားရသည့် ဝတ္ထုကို
၁၉၆၅ မေလ ၁၃ရက် ည ၂ နာရီ မိုးကြိုးရွာသွန်းနေစဉ်
အဆုံးသတ်သည်။ ၁၉၆၆ ရှုလိုင်လ၌ ရှုမဝသို့ ပေးပို့ခဲ့သည်။
ဒုတိယပြန်ရေးသည့် ရှုမဝ၌ တင်ဆက်ခွင့်ရသော
မသိန်းရှင်ဆီပို့ပေးပါ ကို ၁၉၆၈ ၌ ပြန်ရေးသည်။
ယခု မသိန်းရှင်မှာ ထိုနှစ်ခုကို
ပြန်၍ ပေါင်းစပ်ညှိနှိုင်း ရေးသားခြင်း ဖြစ်ပါသည်။

နိုင်ဝင်းဆွေ
၂၀-၄-၇၁

mgyoe.com

mgyoe.com

# ရှုမဝဦးကျော်သို့ အိတ်ဖွင့်အစီရင်ခံစာ

နိုင်ဝင်းဆွေ

ဦးလေးခင်ဗျား၊

တူမောင် ဤ အိတ်ဖွင့်အစီရင်ခံစာကို မရေးသားလိုပါ။ တူမောင်၏ 'မသိန်းရှင်ဆီပို့ပေးပါ' လုံးချင်းဝတ္ထုအတွက် ဦးလေး ရေးသားချီးမြှင့်ပေးသည့် အမှာစာကို ရရှိချိန်နှင့် ရိုက်နှိပ်နေချိန်တွင် တူမောင်မရှိပါ။ ပုံနှိပ်ပြီးမှသာ တူမောင် ခရီးထွက်ရာမှ ပြန်အလာ တွေ့ရှိရပါသည်။ လုံးချင်းထွက်လာသော အခါ စာရေးဆရာ၊ ကဗျာဆရာ၊ စာပေသမား၊ စာဖတ်သူများထံမှ ဦးလေး၏ အမှာစာနှင့် ပတ်သက်ပြီး မေးမြန်းကြလွန်းသဖြင့်သာ တူမောင်၏ ဤအစီရင်ခံစာကို ရေးသားရခြင်း ဖြစ်ပါသည်။

'မသိန်းရှင်ဆီ ပို့ပေးပါ' ဝတ္ထုရှေ့မှ ဦးလေး၏ အမှာစာတွင် မေ့လျော့မှားယွင်း ဖော်ပြခဲ့မှုကလေးများ အနည်းငယ် ရှိပါသည်။ ဥပမာ– ဦးလေး၏ အမှာစာ စာမျက်နှာ (၂) တွင်…

၁၉၆၆ ခုနှစ်က ဖြစ်သည်။

ရှုမဝမဂ္ဂဇင်းတွင် နိုင်ဝင်းဆွေ၏ 'မဟူရာမေတ္တာ' အခန်းဆက် ဝတ္ထုရှည်ကြီးအပြင် နောက်ထပ် သူ၏ဝတ္ထုတိုများ သုံးလေးပုဒ် ခန့်ပါရှိပြီး၍ သူနှင့် ကျွန်တော်လည်း လေးငါးကြိမ်ထက်မနည်း

mgyoe.com

mgyoe.com


တွေ့ဆုံဖူးကြသောကြောင့် ခင်မင်ရင်းနှီးနေပြီ ဖြစ်သည်။ ထိုအခါက ကျွန်တော်သည် ချွေးကလေးစိုစို ရုပ်ရှင်ကားအတွက် ဇာတ်လမ်းအကြမ်းရေးနေသည်။ ချွေးကလေးစိုစိုမှာ မီးရထားလက်မှတ်စစ်ယောကျာ်းပျို့နှင့် မှောင်ခိုကုန်ကူးသည့် ဆင်းရဲသူမလေးအကြောင်းဖြစ်သည်။ မီးရထားဘက် အမှုထမ်းနေသည့် နိုင်ဝင်းဆွေကို ကျွန်တော်က လက်မှတ်စစ်တို့၏သဘာဝ မေးမြန်းရင်း 'ချွေးကလေးစိုစို'အကြောင်း ပြောပြရာ နိုင်ဝင်းဆွေက သူ့တွင်လည်း မှောင်ခိုသမကလေးနှင့် လက်မှတ်စစ်တို့အကြောင်း ဇာတ်လမ်းတစ်ပုဒ်ရှိနေကြောင်း ပြောသည်။ ကျွန်တော်က ထိုဇာတ်လမ်းကိုရေးရန် သူ့အားတိုက်တွန်းပြီး အကယ်၍ ကျွန်တော်နှစ်ခြိုက်ခဲ့လျှင် ရုပ်ရှင်ရိုက်မည့် အကြောင်း ပြောလိုက်သည်။ နိုင်ဝင်းဆွေသည် လေးငါးရက်မျှအကြာ တစ်ခေါက်ပြန်လာပြီး 'မသိန်းရှင်ဆီပို့ပေးပါ' စာမူကို ပေးလာသည်။

'၁၉၆၆ တွင် ရှုမဝ၌ တူမောင်၏ ဝတ္ထုတို သုံးလေးပုဒ်ပါရှိပြီး' ဟု ဦးလေးဖော်ပြခဲ့ခြင်းမှာ ဦးလေး၏ မှားယွင်းဖော်ပြခဲ့မှုကလေးတစ်ခု ဖြစ်ပါသည်။ ၁၉၆၆ တွင် တူမောင် ဝတ္ထုတိုရေးပင် မရေးသေးပါ။

'မသိန်းရှင်ဆီပို့ပေးပါ' ကို မရေးမီ ဦးလေးနှင့် ကျွန်တော် တွေ့ဖူး၊ ခင်မင်ရင်းနှီးဖူးပြီဆိုသည်မှာလည်း ဦးလေး မှားယွင်းဖော်ပြမှုသာ ဖြစ်ပါကြောင်း အစီရင်ခံပါသည်။

တူမောင်၏ 'မသိန်းရှင်ဆီပို့ပေးပါ' ဝတ္ထုကို ရှုမဝသို့ ၁၉၆၆ ဇူလိုင်လဆန်း၌ ပေးပို့ခဲ့ပါသည်။ 'မသိန်းရှင်' ကိုမရေးမီ ဦးလေးနှင့် ကျွန်တော် ခင်မင်ရင်းနှီးနေပြီဖြစ်ရန် ဝေးစွ၊ တစ်ကြိမ်တစ်ခါမျှပင် တွေ့ဆုံသိမြင်ဖူးခြင်းလည်း မရှိသေးပါ။

သို့သော် ဦးလေးက ရုပ်ရှင်ရိုက်မည်ပြောသဖြင့် တူမောင်က ပြေးရေးပေးရဘိသကဲ့သို့ ဦးလေး၏ ဖော်ပြချက်တွင် အဓိပ္ပာယ်ထွက်ပေါ်လျက်ရှိသည်ကို စာဖတ်သူအများကလည်း အရှင်းသား သိမြင်နေခဲ့ပါပြီ။

ခေတ်စာဖတ်သူများက 'မသိန်းရှင်' မှာ ရုပ်ရှင်ရိုက်ကူးရန် လုံး၀

mgyoe.com

mgyee.com


စိတ်မကူးသော၊ စိတ်ကူး၍လည်း မရနိုင်သော ဝတ္ထုဖြစ်သည်ကို ပို၍ သိရှိကြပါသည်။ အကယ်၍ မသိန်းရှင်ကို ရုပ်ရှင်ရိုက်ရန်အတွက် တူမောင်ပြေးရေးရသည်ဟု ဦးလေးဖော်ပြလိုပါလျှင် မသိန်းရှင်၏ မည်သည့်အခန်းသို့မဟုတ် မည်သည့်အစိတ်အပိုင်းမှာ ရုပ်ရှင်ရိုက်၍ တမင်ဆင်ရေးထားကြောင်း ဦးလေးဘက်က ခိုင်မာစွာ ပြောဆိုနိုင်ရပါမည်။

မသိန်းရှင်ဆီ ပို့ပေးပါ စာမူ ပေးပို့အပြီး ဦးလေးထံမှ စာရရှိပါသည်။ ထိုစာမှ ကောက်နုတ်ဖော်ပြရလျှင်...

"မဟူရာမေတ္တာသည် ကျောက်ကောင်းတစ်လုံးဖြစ်ပါ၏။ 'မသိန်းရှင်'မှာ ငမောက်ပတ္တမြားဖြစ်ပါသည်။ မသိန်းရှင်ကို ကျွန်တော် ရုပ်ရှင်ရိုက်ကူးလို ပါသည်။ ဖြစ်နိုင်လျှင် ရန်ကုန်ဆင်းလာပြီး ကျွန်တော်နှင့် လာရောက်တွေ့ဆုံစေလိုပါသည်။ ဝတ္ထုအနေနှင့်မူ... ပုပ်ကုန်သိုးကုန် မဟုတ်သဖြင့် ရင်ခွင်ပိုက်ထားသင့်ပါသည်"

ဦးလေး "မသိန်းရှင်ဆီ ပို့ပေးပါ" အမှာစာ ရေးသောအခါ ထိုဦးလေး၏ ပေးစာကို ရိုးသားစွာ မေ့ကျန်ရစ်ခဲ့ဟန်တူပြန်ပါသည်။

တူမောင်လည်း ဦးလေး၏ မိန့်မှာချက်အတိုင်း ရန်ကုန်ဆင်းလာပါသည်။ ပထမဆုံး ဦးလေးနှင့်တွေ့ဆုံဖူးခြင်း ဖြစ်ပါသည်။

သို့သော် 'မသိန်းရှင်' ကို ရုပ်ရှင်ရိုက်ဖြစ်ရေး ဆွေးနွေးရာတွင် ဦးလေးဖျက်သိမ်းခိုင်းသည့် မသိန်းရှင် ဇာတ်သိမ်း (ညိုညို ရထားတိုက်မိပြီး သေခါနီး အခြားစိတ်စွဲစရာပေါင်း များစွာရှိသော်လည်း သူ့ ထန်းလျက်တောင်းကလေးအပေါ်တွင်သာ စိတ်စွဲသွားရပုံ) ကို တူမောင် မဖျက်သိမ်းနိုင်ခဲ့ပါ။ 'မသိန်းရှင်ဆီ ပို့ပေးပါ' ၏ အနှစ်သာရမှာ ထိုဇာတ်သိမ်းပိုင်းသာ ဖြစ်သည်ဟု တူမောင်နှင့်အတူ ယခုခေတ် စာဖတ်ပရိသတ်များက ထင်မြင်ကြပါသည်။

'မသိန်းရှင်ဆီ ပို့ပေးပါ' ဝတ္ထုကို လက်နှိပ်စက်နှင့် ကော်ပီသုံးလေးခု ပွားထားသည်ကို ပထမတွင် တူမောင် မသိပါ။ ဆွေးနွေးမှု ပြီးပြတ်သဖြင့် တူမောင်မှာ တူမောင်၏ လက်ရေးစာမူကိုသာယူပြီး ပြန်လာခဲ့ပါသည်။

mgyee.com

mgyoe.com

နောင် ရှမဝတွင် တူမောင် ထမင်းကပ်စားနေရစဉ်၌ ထိုကော်ပီပွားထားသည်ကို အမှတ်မထင် တွေ့ရှိခဲ့ပြီး ကော်ပီတစ်ခု ယူငင်လျက် အမှတ်တရ အမြတ်တနိုး သိမ်းထားခဲ့ပါသည်။

မကြာမီတွင် တူမောင်လည်း အလုပ်မှ ထွက်လိုက်ပါသည်။ ခြေသလုံးအိမ်တိုင်ဘဝဖြင့် ဇာတ်နောက်လျှောက်လိုက်နေရင်း မနှင်းမူ၊ ဇာတ်ဆရာသမီး၊ သားကလေးဆီသို့... စသည့် ဇာတ်နောက်ခံ ဝတ္ထုများ (ဦးလေးပြောပြသည့် ဝတ္ထုတိုများ) ကို ရေးသားခဲ့ပါသည်။ ၁၉၆၇ နောက်ပိုင်းနှင့် ၁၉၆၈ တွင် တူမောင်မှာ မိဘအိမ်သို့ ပြန်ရောက်နေပါသည်။

၁၉၆၈ ဇန်နဝါရီ၌ ဦးလေးထံမှ 'မသိန်းရှင်' ရုပ်ရှင်ရိုက်ကူးရေး ဆွေးနွေးညှိနှိုင်းရန် ဖိတ်ခေါ်သည့် ဒုတိယစာကို ရရှိပါသည်။ ထို့ကြောင့် တူမောင် ရန်ကုန်ရောက်လာခဲ့ပါသည်။ တူမောင်မှာ စားရမဲ့ သောက်ရမဲ့လည်း ဖြစ်နေပါသည်။ ဦးလေးကို ကျေးဇူးရှင်တစ်ဦးအဖြစ်ဖြင့်လည်း ဦးလေးဆန္ဒအတိုင်း ဖြစ်စေလိုပါသည်။ ငွေသုံးထောင်ပေးမည်ဟု ဦးလေးက နှုတ်ဖြင့် မိန့်ကြားရာ သုံးကျပ်မျှပင် မရှိသူတစ်ဦးအတွက် သွားရည်ကျလောက်ပါသည်။ ရှမဝ စာစီခန်းအထပ်ခိုးကလေးတွင် ဦးလေးက နေရာချထားပေးပါသည်။ ထမင်းလည်းကျွေးပါသည်။ ဖိနပ်ပြတ်သွားလျှင်ပင် ဦးလေးအကြမ်းစီးသည့် ခုံဖိနပ်တစ်ရန်ကို ထုတ်ပေးထားခဲ့ပါသည်။ သုံးလခန့် ဦးလေးစိတ်ကြိုက်အတိုင်း ဇာတ်လမ်းကို ပြုပြင်ပေးရန် စိတ်ကူးခဲ့ပါသည်။ သို့သော် စိတ်မှာကူးတိုင်းလည်း မရပါ။ မူလ 'မသိန်းရှင်ဆီ ပို့ပေးပါ' ဝတ္ထုကို ကြိုးစားဖျက်ဆီးသော်လည်း တူမောင် ဖျက်ဆီးမရပါ။ ဘယ်လိုကြိုးစားကြိုးစား မူလအတိုင်းသာ ဖြစ်ဖြစ်သွားပါသည်။

တူမောင်သည် အညာပြန်ရန် ဆုံးဖြတ်ပါသည်။ သို့သော် ဦးလေးက တစ်ညတွင် တူမောင် မလုပ်နိုင်လျှင် ဦးလေးလုပ်မည်ဟု ပြောသည်။ သို့ဖြင့် ဦးလေးဘာသာဦးလေး စိတ်ကူးများ ထုတ်လာပါသည်။

ဝတ္ထုကို ရိုက်ကွင်းလှမည့် ရှမ်းပြည်သို့ ပို့ပစ်မည်။ ထန်းလျက်အစား ယိုးဒယားမှောင်ခိုကုန်များ ကူးခိုင်းမည်။ ရင်မောင်နှင့် ညိုညိုတို့ ရထားပေါ်မှာ မှောက်မှားမည့်အစား သူတို့ စိုက်ပျိုး

mgyoe.com

mgyoe.com


သည့် ယာခင်းတစ်ခုရှိ တဲကလေးပေါ်မှာ မှောက်မှားခိုင်းမည်။ ညိုညို ကိုယ်ဝန်ရှိလာ။ တစ်နေ့တွင် သောင်းကျန်းသူများက ရထားကို မိုင်းဖုံးထောင်ရာ ရဲများနှင့် တိုက်ပွဲဖြစ်။ ရင်မောင် သေနတ်ဆွဲကိုင်ပြီး တိုက်ခိုက်။ သောင်းကျန်းသူများ ဖမ်းမိသွား။ နှစ်နှင့်ချီပြီး ရင်မောင့်ကို ဖမ်းထား။ ထိုအချိန်တွင် ညိုညိုကလေး တစ်ကောင်နှင့် မှောင်ခိုသမဖြစ်နေ။ ရင်မောင် သောင်းကျန်းသူ များလက်မှ (ကုသ၏ မနုဿသားကောင် ဇာတ်လမ်းအတိုင်း) လူသားအချင်းချင်း တောလိုက်ခိုင်းပြီး လွတ်မြောက်လာ။ ရင်မောင်အလုပ်ပြန်လုပ်။ ညိုညို၏ ကလေးကို ရင်မောင်က သူနှင့်ရသည်ဟု မယုံကြည် ဖြစ်နေ။ တစ်နေ့တွင် ရင်မောင်က ရှာဖွေရေးများနှင့် ပူးပေါင်းပြီး ကားများ ကိုရှာဖွေရာ ညိုညိုကို ဖမ်းမိ။ ရင်မောင်က တိုင်းပြည်အရေး ရှေးရှုပြီး ချစ်သူကို မငဲ့ နိုင်ဘဲ ဖမ်းဆီး။ ညိုညို ထောင်ကျသွား။ ထောင်မှထွက်အလာ တွင် ညိုညို နောင်တတရားရလာ။ ရင်မောင်နှင့် ပြန်ပေါင်းမိ။ ရင်မောင်က ညိုညိုကို ပညာပေး။

တူမောင်လည်း ဦးလေး၏ စိတ်ကူးကို "ကြိုက်ပါသည်၊ ကြိုက်ပါ သည်" ဟု ပြောရပါသည်။ တူမောင်ကိုယ်တိုင် မလုပ်နိုင်တော့သဖြင့် ထိုသို့ ပြောရုံမှတစ်ပါး နည်းလမ်းမရှိပါ။

ဦးလေးက ရင်မောင်ကို လက်မှတ်စစ်အဖြစ် ပြောင်းလဲပစ်မည်။ တီဘီစီ မဟုတ်တော့ပါ။ လက်မှတ်စစ်အဖွဲ့မှာ မြန်မာတစ်ပြည်လုံး၌ (၁၀) ဖွဲ့မျှသာ ရှိသည်။ လူ (၅၀) မျှသာ ရှိသည်။ လူနည်းပါးလှသဖြင့် အစဉ် အမြဲ ခရီးထွက်နေရသဖြင့် (၇) ရက်တွင် အိမ်၌ (၂) ရက်ပင် အိပ်ရသည်ဟု မရှိပါ။ ယာခင်းစိုက်ပျိုးရန် အချိန်အားဟူ၍ လုံးဝမရှိနိုင်ပါ။ ယုတ္တိဘာဝ လုံးဝကင်းမဲ့နေပါသည်။

ထို့ပြင် လက်မှတ်စစ်များမှာ မီးရထားဥပဒေအားကိုးဖြင့်သာ ဖမ်းဆီး နေကြသူများ ဖြစ်ပါသည်။ သူတို့သည် လူတစ်ယောက်ကို ဘယ်လိုဥပဒေ ဖြင့် ဖမ်းဆီးရမည်ကိုသာ တွေးကြပါသည်။ ထို့ကြောင့် ဥပဒေအားကိုးသူ

mgype.com

mgyoe.com

တို့၏ ဗိဇအတိုင်း လက်ရုံးအားကိုး သတ္တိမရှိကြပါ။ ဥပမာ ညရထားများ၌ လက်မှတ်မစစ်ရဲသဖြင့် တာဝန်ကျလျှင်လည်း သူတို့တွဲမှာသာ ငြိမ်လိုက်လာတတ်သည့် ဓလေ့စရိုက်ရှိသည်ကို တူမောင်တို့ ကောင်းစွာသိပါသည်။ တိုက်ပွဲတွင် လက်မှတ်စစ်က သေနတ်ကိုင်တိုက်တော့မည်ဆိုခြင်းမှာ မူလစရိုက်ကို ပျက်ယွင်းစေပါသည်။ အလွန်အကျူး စိတ်ကူးယဉ်ခြင်း ဖြစ်ပါသည်။

ထို့ပြင် မီးရထား၌ ရှာဖွေစစ်ဆေးရန်ပင် တာဝန်ကျေပွန်အောင် လူအင်အားနည်းသောကြောင့် မထမ်းဆောင်နိုင်ရသည့်အထဲ မော်တော်ကားများကိုပါ လက်မှတ်စစ်တစ်ဦးက စစ်ဆေးတော့မည်ဆိုသည်မှာ သာ၍သာ၍ပင် ယုတ္တိကင်းမဲ့ပါသည်။ ဦးလေးက ရင်မောင်ကို သူတော်စင်တိုင်းပြည့်သားကောင်းအဖြစ် ဖန်ဆင်းတော့မည် ဆိုသည်ကိုကား တူမောင်နှစ်ခြိုက်လှပါသည်။

ထို့ကြောင့် ဇာတ်ဆောင်နာမည်များပြောင်းပြီး ဦးလေးဘာသာဇာတ်လမ်းချရေးပါသည်။ ဇာတ်ညွှန်းအခန်းစဉ် ခွဲသောအခါ တူမောင်သည် ဦးလေး၏ စာရေးကလေးအဖြစ်ဖြင့် ဦးလေးပြောသမျှ လိုက်၍ရေးပေးရပါသည်။

ယခု 'မသိန်းရှင်ဆီပို့ပေးပါ' ဝတ္ထုပေါ်မှ ဦးလေး၏ အမှာစာ စာမျက်နှာ (၃) တွင်...

> မီးရထားနှင့်ပတ်သက်၍လည်း သူ့ဆီက အတော်အတန် ရရှိသဖြင့် 'ချွေးကလေးစိုစို' ရုပ်ရှင်ကား ခေါင်းစီးစာတန်းတွင် နိုင်ဝင်းဆွေ၏ နာမည်ကို ပူးတွဲဝတ္ထုရေးသူအဖြစ် ဖော်ပြပေးမည်ဟု ကျွန်တော်ကပြောရာ သူ လက်မခံချေ။

ဟု ဖတ်ရှုရရာ မီးရထားနှင့်ပတ်သက်၍ ပြောပြသူ–မီးရထား လုပ်ငန်းအကြောင်း၊ လုပ်ငန်းဆက်ဆံမှုအကြောင်း ပြောပြရုံမျှဖြင့် ထိုသူကို ပူးတွဲဝတ္ထုရေးသူ ခန့်အပ်တော့မည်ဟု ဆိုလိုပေရာ ဦးလေးမှာ မယုံနိုင်လောက်အောင် သဘောထားကြီးမြတ်လှပါကြောင်း တူမောင် မှတ်တမ်းတင်ပါမည်။

အမှာစာ စာမျက်နှာ (၃) တွင်ပင်...

mgyoe.com

mgyoe.com

"ဦးလေးဘာသာ ဦးလေး အစကတည်းက ဇတ်လမ်းချထားတဲ့ ဥစ္စာပဲ၊ လက်မှတ်စစ်နဲ့ မှောင်ခိုသမလေးချင်း တူပေမဲ့ ဒိပြင်ဟာတွေ တူမှမတူပဲ၊ ပြီးတော့ ကျွန်တော့် ဝတ္ထုမှာ ဟုတ်ဘဲနှင့် အချောင်နာမည်မယူချင်ပါဘူး" ဟု ပြန်ပြောသည်။

တူမောင်ပြောသည့် စကားကို ဦးလေးရေးရာ၌ ဦးလေးမှာ အသက်အရွယ် ကြီးရင့်လာပြီဖြစ်သဖြင့် ယွင်းမှားနေသည်ကို တွေ့ရှိရပါသည်။ ဤနေရာတွင် တူမောင်ပြောသည့် အစစ်အမှန်စကားကို မတင်ပြမီ တူမောင်နှင့် တူမောင့်ဇာတ်ကောင်များအကြောင်းကို အရင်တင်ပြရပါမည်။

တူမောင်မှာ ဟိုက်စကူးဖိုင်နယ်ပင် မအောင်ပါ။ ဘုန်းကြီးကျောင်းမှာ စာသင်ခဲ့ရပါသည်။ တူမောင်၏ မိဘများမှာ လယ်ကူလီများ ဖြစ်ကြပါသည်။ တူမောင်ကိုယ်တိုင်လည်း လယ်သမား၏ အခိုင်းအစေ သူရင်းငှားလုပ်ခဲ့ရပါသည်။ ကူလီထမ်းခဲ့ရပါသည်။ ကျောက်ထုခဲ့ရပါသည်။ စပါးစက် စပါးသယ် ကူလီလုပ်ခဲ့ရပါသည်။ ပျိုးနုတ် ကူလီလုပ်ခဲ့ရပါသည်။

ထို့ကြောင့် တူမောင် ကိုယ်တိုင် 'မသိန်းရှင်ဆီ ပို့ပေးပါ' မှ ဇာတ်ဆောင်ရင်မောင်၏ အလုပ်တီဘီစီ (ရထားလိုက် မီးရထားစာရေး) လုပ်ရသောအခါ တူမောင်သည် မသိန်းရှင်၏ ဇာတ်ဆောင်များ ဖြစ်သည့် ညိုညို၊ မအေးမြင့်၊ မအေးသွယ်၊ သင်းသင်း၊ ဦးပေါ်လာ စသည်ဖြင့် တူမောင်ပုံတူကူးစက်ဖော်ပြခဲ့သည့် မှောင်ခိုသူများနှင့် အခြေခံကျကျ ရင်းနှီးခဲ့ရပါသည်။ သူတို့သည်လည်း အောက်ဆုံးအလွှာသားများဖြစ်ကြပါသည်။ တူမောင်သည်လည်း အောက်ဆုံးအလွှာမှ ဖြစ်ပါသည်။

တူမောင်မှာ အောက်ဆုံးအလွှာမှ ကလောင်ကိုင်နိုင်သူတစ်ဦးသာ ဖြစ်ပါသဖြင့် တူမောင်၏ ပြောပြချက်များမှာ သူတို့၏ ပြောပြချက်များ ဖြစ်ပါသည်။ သူတို့၏ ခံစားချက်များမှာလည်း တူမောင်၏ ခံစားချက်များ ဖြစ်ပါသည်။

မဂ္ဂဇင်းဂေါ်ကီက သူ၏ "ထိုသုံးဦး" ဝတ္ထုတစ်နေရာတွင် "ထမင်းဝဝစားနေရတဲ့လူတွေဟာ ဘယ်တော့မှ ထမင်းငတ်တဲ့လူတွေအကြောင်း မသိဘူး" ဟု ပြောခဲ့ပါသည်။ တူမောင်ကမူ သူတို့အကြောင်း သူတို့သိသလို

mgyoe.com

mgyoe.com

သိပါသည်ဟု ရဲဝံ့စွာပြောဝံ့သူ ဖြစ်ပါသည်။

သူတို့အကြောင်း အစစ်အမှန်မဟုတ်သည်တို့ကို စိတ်ကူးယဉ်ပြရန် အတွက်မှာမူ တူမောင်မှာ များစွာရှက်လှပါသည်။ အဘယ်ကြောင့် ရှက်လှသည်ကိုမူ 'မသိန်းရှင်ဆီပို့ပေးပါ' လို ဝတ္ထုများကို ရေးသားကြသည့် စာရေးသူများသာ ပို၍သိကြပါမည်။ ထိုဆင်းရဲသားတို့ကို တူမောင်မှာ ပညာလည်း မပေးရက်ပါ။ ပညာပေးရန်လည်း တူမောင်ကိုယ်တိုင် ပညာမရှိပါ။ ပညာရှိသူများသာ ပညာများ ပေးတတ်ကြပါသည်။

ဦးလေးက နာမည်ခံယူလျှင် ပိုက်ဆံပေးပါမည်ဟုပြောရာ တူမောင်မှာ ပိုက်ဆံများလည်း လိုချင်ပါသည်။ နာမည်ခံယူရန် တွေးတောလိုက်တိုင်း တူမောင့်၏ ဇာတ်ကောင်များက တူမောင့်ကို ထိတ်လန့်တကြား ဝိုင်းဝန်းကြည့်ရှုနေကြသည်ဟု ခံစားရပါသည်။ သူတို့က တူမောင့်ကို အသနားခံနေကြပါသည်။ တကယ်တန်း ရုပ်ဘဝ၌မူ သူတို့ တူမောင့်ကို မကန့်ကွက်နိုင်ကြပါ။ သို့သော် တူမောင်မှာ ပို၍ ပို၍ ပို၍ ရှက်လာပါသည်။ ထို့ကြောင့်...

"ဦးလေးပဲ နာမည်ယူလိုက်ပါ၊ ကျွန်တော့် မသိန်းရှင်လည်း မဟုတ်တော့ပါဘူး"

ထိုသို့ တူမောင် ပြန်ပြောခဲ့ပါသည်။

ဦးလေးနားဖြင့် တစ်မျိုးကြားခဲ့ပါသည်။

ဦးလေး၏ အမှာစာ စာမျက်နှာ ၄ တွင်...

> "ယခု ၁၉၇၁ ခုနှစ်တွင် 'မသိန်းရှင်ဆီ ပို့ပေးပါ' ကို လုံးချင်းဝတ္ထုအဖြစ် ထုတ်ဝေရာ၌ နိုင်ဝင်းဆွေသည် အစအဆုံး ပြန်ရေးထားသည်ကို ဖတ်ရှုနေရသည်။ ယခု ပြန်ရေးသားရာ၌ စိတ်ကူးသစ်များပေါ်တိုင်း ချဲ့ထွင်ထားသည်ကို တွေ့ရှိရပါသည်။

ဟု ဦးလေး ရေးသားခဲ့ပါသည်။

ဦးလေးသည် ရှုမဝတွင် မဖော်ပြနိုင်သဖြင့် ကျွန်တော် ပြန်ယူသွားခဲ့ရသည့် ၁၉၆၆ က ဝတ္ထုကို မေ့နေဟန်တူပါသည်။ ထို့နောက် ဦးလေး၏ မိန့်မှာချက်ဖြင့် ဖြတ်တောက်ပြီးမှ ရှုမဝတွင် ၁၉၆၈ က ပြန်ဖော်ပြခဲ့သည့်

mgyoe.com

ဝတ္ထုကိုသာ သတိရနေဟန်တူပါသည်။ ဤနေရာ၌ "ဆင်းရဲသားများ အကြောင်း များများမပြောရ" ဟု ဦးလေးခံစားရဟန် တူပါသည်။ သူတို့ဘဝ များကို အရင်းအတိုင်း တင်ပြရာ၌ "စိတ်ကူးသစ်များပေါ်တိုင်း ချဲ့ထွင်ထား သည်"ဟု ဦးလေး၏ ခံစားချက် ခံယူချက်မှာ ယခုအခါ၌ တစ်ခေတ် နောက် ကျခဲ့ပါပြီ။

"ဝတ္ထုရေးခြင်း အတတ်ပညာကိုလည်း နိုင်ဝင်းဆွေသည် ပိုမိုတတ် ကျွမ်းလာသည်" ဟု ထိုအမှာစာပေါ်တွင် ဦးလေးကဲ့သို့ ကျော်ကြားလှသော ပုဂ္ဂိုလ်ကြီးတစ်ဦး၏ ချီးပမှုကို တူမောင် ဂုဏ်ယူမဆုံးနိုင်ပါ။

အလားတူ 'မသိန်းရှင်ဆီ ပို့ပေးပါ' လို ဝတ္ထုမျိုးများကိုသာ ရေးသား ရန် တူမောင်ကြိုးပမ်းတော့မည်ဖြစ်ပါကြောင်း လေးစားစွာ အစီရင်ခံအပ်ပါ သည်။

ဦးလေး၏ နေ့ညမပြတ်ပို့သသော မေတ္တာစာတ်ကြောင့် တူမောင်မှာ ကျန်းခန့်သာလျက်ရှိပါကြောင်း။ ။

ကြည်ညိုလေးစားလျက်ရှိပါသော တူမောင်
နိုင်ဝင်းဆွေ

၈–၇–၁၉၇၁
ရှုဒေါင့်ဂျာနယ် (၅၇)
၁၊ ဩဂုတ်၊ ၁၉၇၁

❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ရှမဝဦးကျော်ထံမှ စာရေးဆရာကြီးနိုင်ဝင်းဆွေထံသို့ အိတ်မပါသည့်ပြန်စာ

တူမောင် နိုင်ဝင်းဆွေ

ယခု ဩဂုတ်လ ၁ ရက်နေ့ထုတ် ရှုဒေါင့်ဂျာနယ် အမှတ် ၅၇၊ စာမှတ်နှာ ၂၆ တွင် တူမောင်က ဦးလေးထံသို့ ရေးလိုက်သည့် "အိတ်ဖွင့်ပေးစာ" ကို ဖတ်ရှုရ၍ ဝမ်းသာပါသည်။ ကျေးဇူးတင်ပါသည်။

အဘယ်ကြောင့် ကျေးဇူးတင် ဝမ်းသာရသနည်းဆိုသော် တူမောင်၏ ဦးလေးအပေါ် ကျိတ်၍ မကျေနပ်သည့်အချက်ကို ဤကဲ့သို့ ပရိသတ်သိအောင် ဖော်ထုတ်လိုက်ခြင်းအတွက် ဦးလေးက ပြန်လှန် ရှင်းလင်းနိုင်သည်။

ထိုသို့မဟုတ်ဘဲ ဦးလေး၏ကွယ်ရာတွင် တီးတိုးစကားဖြင့် တူမောင်၏ မကျေနပ်ချက်ကို လျှောက်၍ပြောနေပါက ဦးလေးသည် ဘာမျှ ပြန်လည် ဖြေရှင်းနိုင်မည်မဟုတ်။ ထို့ကြောင့် ဝမ်းသာသည်။ ကျေးဇူးတင်သည်။

တူမောင်၏ အိတ်ဖွင့်ပေးစာသည် ဦးလေး၏အပေါ် စွပ်စွဲရာ၌ သက်သေသက္ကာယဖြင့် ခိုင်လုံစွာ ပြသခြင်းမရှိဘဲ တူမောင်၏ မကျေနပ်ချက်ကို ကလဲ့စားချေသည့်သဘော တစ်ဖက်သတ် မဟုတ်မမှန်ရေးသည်ဟု

mgyoe.com

mgyoe.com

ဦးလေးက ပြန်လှန် စွပ်စွဲလိုက်သည်။

ယခု ဦးလေး ပြန်လည်ဖြေရှင်းရာ၌ သက်သေသက္ကာယ ခိုင်လုံသည့် အချက်ကိုသာ တိတိကျကျ ဖြေရှင်းမည် ဖြစ်သည်။ ဦးလေးနှင့် တူမောင် နှစ်ယောက်တည်း ပြောဆိုခဲ့ကြသည့် စကားများသည် အဘယ်မျှ မှန်ကန်သည်– မမှန်ကန်ဟူသည်ကို တူမောင်၏ ကိုယ်စောင့်နတ်နှင့် ဦးလေး၏ ကိုယ်စောင့်နတ်တို့ အသေအချာသိကြသည်၊ (ဝါ) ကိုယ့်စိတ်ကို ကိုယ်သိကြပါသည်။

ပထမဦးစွာ တူမောင်၏ စွပ်စွဲချက်ဖြစ်သည့်...

"၁၉၆၆ ခုတွင် ရှုမဝ၌ တူမောင်၏ ဝတ္ထုတို သုံးလေးပုဒ်ပါရှိပြီး" ဟု ဦးလေး ဖော်ပြခဲ့ခြင်းမှာ ဦးလေး၏ မှားယွင်းဖော်ပြခဲ့မှုကလေးတစ်ခု ဖြစ်ပါသည်။ ၁၉၆၆ ၌ တူမောင်ဝတ္ထုတို ရေးပင် မရေးသေးပါ။

ဤအချက်မှာ တူမောင် မှန်ပါသည်။ ဦးလေးမှားသည်။ အမှန်မှာ တူမောင်၏ (မဟူရာမေတ္တာ) အခန်းဆက်ဝတ္ထုရှည်ကြီးသည် ၁၉၆၆ ခု၊ မေလမှ ဩဂုတ်လအထိ ၄ လတိုင်တိုင် ပါခဲ့ခြင်းသာ ဖြစ်သည်ကို ဦးလေးက ပြန်လှန်စစ်ဆေးခြင်း မပြုမိဘဲ စိတ်အထင်ဖြင့် (မသိန်းရှင်လုံးချင်းဝတ္ထု အမှာစာတွင်) ရေးလိုက်မိသည်။ ထိုအမှာစာရေးစဉ်ကလည်း ဤကဲ့သို့ ပြဿနာပေါ်လိမ့်မည်မထင်၍ အမှန်းအဆမျှ ရေးလိုက်ခြင်း ဖြစ်သည်။

ဤကဲ့သို့ ဦးလေး၏အမှားကို လွယ်ကူစွာဝန်ခံရန် မခဲယဉ်းသကဲ့သို့ မှန်ကန်နေသည့်အချက်လည်း တိတိကျကျ သက်သေသက္ကာယဖြင့် ဦးလေးက ရှင်းပြလိမ့်မည်ဆိုသည်ကို တူမောင် နားလည်ထားစေလိုသည်။

ဒုတိယ တူမောင်၏ စွပ်စွဲချက်မှာ...

"မသိန်းရှင်ဆီ ပို့ပေးပါ"ကိုမရေးမီ ဦးလေးနှင့် ကျွန်တော်တွေ့ဖူး၊ ခင်မင်ရင်းနှီးဖူးပြီဆိုသည်မှာလည်း ဦးလေး မှားယွင်းဖော်ပြမှုသာ ဖြစ်ပါကြောင်း အစီရင်ခံပါသည်။ တူမောင်၏ "မသိန်းရှင်ဆီ ပို့ပေးပါ" ဝတ္ထုကို ရှုမဝသို့ ၁၉၆၆၊ ဇူလိုင်လဆန်း၌ ပေးပို့ခဲ့ပါသည်။ "မသိန်းရှင်"ကို မရေးမီ ဦးလေးနှင့်

mgyoe.com

ကျွန်တော် ခင်မင်းရင်းနှီးနေပြီ ဖြစ်ရန်ဝေးစွ၊ တစ်ကြိမ်တစ်ခါ
မျှပင် တွေ့ဆုံသိမြင်ဖူးခြင်းလည်း မရှိသေးပါ။

ဤစွပ်စွဲချက်မှာမူ တူမောင်သည် တကယ်တကယ်စင်အောင် လွဲမှားနေသည်။ တူမောင်သည် ဦးလေးထက် အသက်ထက်ဝက်မျှငယ်သည်၊ (ဝါ) အနှစ် ၃၀ ကျော်ငယ်သည်။ တူမောင်သည် ဦးလေးထက်ပင် မေ့လျော့တတ်လှသည်။ သို့မဟုတ်ခဲ့လျှင် တူမောင် လိမ်လည်သည်။

ဦးလေးသည် တူမောင်ကို နိုင်ဝင်းဆွေဟု မည်သူမျှ မသိရှိသေးမီကပင် လူချင်းတွေ့ဖူးသည်။ တွေ့ဖူးကြုံဖူးသည်မှာ သာမန်မဟုတ်။ စာပေနှင့်ပတ်သက်၍ဖြစ်သည်။

ခေါင်းအေးအေးထား၍ ပြန်လည်စဉ်းစားပါ တူမောင်။ ၁၉၆၆ မတ်လက ဖြစ်သည်။ ရက်စွဲမှာ မတ်လ ၂၀ ရက်။ အချိန်မှာ ညနေ ၄ နာရီသာသာ။ နေရာကား လယ်ဝေးမြို့ (ရန်ကုန်–မန္တလေးသွား ကားလမ်းနှင့် ကျောက်ပန်းတောင်းဘက်သွား မီးရထားသံလမ်းတို့ဆုံရာ)။

ထိုအချိန်က တူမောင်၏ "မဟူရာမေတ္တာ" ဝတ္ထုကြီး လက်ရေးမူကို ဦးလေးဖတ်ရှုပြီး၍ နှစ်ခြိုက်လှခြင်းကြောင့် ဦးလေးနှင့် တူမောင်တို့ အချင်းချင်း အပြန်အလှန် စာများပေးနေကြသည်မှာ ၂– ကြိမ်– ၃ ကြိမ်မျှရှိပြီ။ ဦးလေးတို့ ထိုနေ့ရောက်မည့်အကြောင်း တူမောင့်ထံသို့ ဦးလေးစာရေးထားသည့်အတိုင်း တူမောင်သည် နေ့လယ် ၁ နာရီလောက်ကပင် စားဖွယ်သောက်ဖွယ်များ ပြင်ဆင်လျက် ဦးလေးတို့ကို စောင့်မျှော်နေရှာခဲ့သည်ကို ဦးလေး ယခုထက်တိုင် မှတ်မိနေပါသည်။

ထိုအခါက ဦးလေးသည် "ချေးကလေးစိုစို" ရုပ်ရှင်ကားအတွက် ရိုက်ကွင်းများကို မေမြို့ပတ်ဝန်းကျင်နှင့် ဆည်တော်၊ စတုတ္ထလွန်းထိုး၊ ဖိုးပင်ကြီး၊ သုံးတောင်ဘူတာများသို့ တတိယအကြိမ် သွားရောက်ကြည့်ရှုရာတွင် တူမောင်ရှိရာ လယ်ဝေးသို့ ဝင်ခဲ့ခြင်းဖြစ်ပါသည်။ ဦးလေး၏အကျင့်မှာ ရုပ်ရှင်ကားတစ်ကားအတွက် ရိုက်ကွင်းများကို အကြိမ်ကြိမ် ကြိုတင်၍ အချိန်များစွာယူလျက် ကြည့်တတ်သည်။

ထိုအခေါက်က ဗိုလ်ချုပ်ဈေး အိုးဝေပန်းချီနှင့် ပန်းပုဆရာဦးလွင်၊

mgyde.com

mgyoe.com


ရှမဝရုပ်ရှင်ထုတ်လုပ်ရေးမှူး မောင်လှထွန်း၊ ရှမဝ ရုပ်ရှင်ထုတ်လုပ်မှု ကြီးကြပ်ရေးမှူး တင်မောင်အေးအပြင် ဂုဏ်ရောင်ပုံနှိပ်တိုက်မှ မောင်ကျော်မြ (ခေါ်) မောင်ကျော်ဝင်းတို့လည်း ဦးလေးနှင့် ပါလာကြ၍ တူမောင်ကို ပုံမနှိပ်ရသေး သည့် (မဟူရာမေတ္တာ) ဝတ္ထုရေးသူ နိုင်ဝင်းဆွေအဖြစ် ဦးလေးပြောပြချက် အရ ၎င်းတို့လည်း သိရှိခဲ့ကြပါသည်။ ထို့ကြောင့် ဦးလေးနှင့်တူမောင်တို့ သည် ၁၉၆၆ မတ်လကတည်းကပင် (ဝါ) နိုင်ဝင်းဆွေဟူ၍ တိုင်းပြည်က မည်သူမျှ မသိရှိသေးမီကပင် လူချင်းတွေ့ ဆုံဖူးပြီဆိုသည်ကို တူမောင် ငြင်းနိုင်ပါဦးမည်လော။

ကဲ... ကောင်းပြီ ဤအချိန်မတိုင်မီကပင် တူမောင်သည် "မသိန်းရှင်ဆီ ပို့ပေးပါ" ဝတ္ထုကို ရေးသားပြီးပြီလော။ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ပါ။ မဟူရာမေတ္တာပင် ပုံနှိပ်စာလုံးဘဝ မရောက်သေးခင် (ဝါ–တစ်နည်းကား) တူမောင်သည် မိမိစာမူကလေးကို ပုံနှိပ်စာလုံးဖြင့် မမြင်ရရှာသေး၍ စိတ်ဓာတ်ကျနေစဉ်၊ နောက်ထပ် (မသိန်းရှင်) ကဲ့သို့သော ဝတ္ထုကောင်း တစ်ပုဒ်ရေးသားနိုင်ရန် စိတ်ဓာတ်ပြင်းပြပါမည်လော။ မည်သည့်နည်းမျှ မဖြစ်နိုင်။

"ဦးလေးနှင့် ကျွန်တော် တစ်ခါမျှ လူချင်းမတွေ့ဖူးခင်က မသိန်းရှင်ကို ရေးပါသည်" ဆိုသော တူမောင်၏ အဆိုသည် မုသားသက်သက်သာ တည်း။ ငြင်းနိုင်မည်လား... တူမောင်။

ထို့ပြင် တူမောင်က "မသိန်းရှင်ဆီ ပို့ပေးပါ" ဝတ္ထုကို ၁၉၆၆ ဇူလိုင် လဆန်း၌ ရှမဝသို့ ပေးပို့ခဲ့သည်ဆိုခြင်းမှာလည်း မုသားသာတည်း။

ရှမဝမဂ္ဂဇင်းသို့ လာသမျှစာမူတို့ကို သီးသန့်တာဝန်ယူရသည့် စာတည်းအဖွဲ့ဝင်တစ်ဦးက မှတ်ပုံတင်ရသည်။ တူမောင်၏ "မသိန်းရှင်ဆီ ပို့ပေးပါ" စာမူမှာ မှတ်ပုံတင်စာအုပ်တွင် ၁၉၆၆ ဇူလိုင်လတွင်သော်လည်း ကောင်း၊ ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာလများတွင်သော် လည်းကောင်း လုံးဝမရှိ။ တူမောင်၏ မည်သည့်စာမူမျှ ထိုလများတွင် မှတ်ပုံတင်စာအုပ်၌ လုံးဝမရှိ။

တူမောင်သည် မည်သည့်အတွက် ဤသို့ စွပ်စွဲရသနည်း။ အကြောင်း

mgyoe.com

mgyoe.com


ရှိပါသည်။ ထိုအကြောင်းသည် နောက်ပိုင်းတွင် ပေါ်လွင်လတ္တံ့။

၁၉၆၆ မေလမှစ၍ တူမောင်၏ "မဟူရာမေတ္တာ" ရှုမဝမှာ ပါဝင်ပြီးနောက် တူမောင်သည် ရန်ကုန်သို့လာလျှင် ဦးလေးထံဝင်သည်မှာ နှစ်ကြိမ်ထက်မနည်းဟု ထင်သည်။ တစ်ကြိမ်တွင်မူ ရန်ကုန်သို့အလာ မီးရထားပေါ်တွင် တူမောင် အိပ်ပျော်လာ၍ ပါသမျှပစ္စည်းနှင့် ဖိနပ်ပါမကျန် အခိုးခံရသည်ဆိုကာ ခြေထောက်ဗလာဖြင့် ဦးလေးဆီရောက်လာဖူးသည်ကို မှတ်မိပါစ… တူမောင်။

အဖြစ်အပျက်အမှန်မှာ ၁၉၆၆ အောက်တိုဘာလလောက်တွင် တူမောင်သည် ဦးလေးထံရောက်လာ၍ ဦးလေးကလည်း (ချွေးကလေးစိုစို) ရုပ်ရှင်ကားအတွက် ဇာတ်လမ်းအကြမ်းရေးနေသည်။ တူမောင်ကို ခင်မင်ရင်းနှီးသည့်ပြင် မီးရထားဘက်ကဖြစ်၍လည်း ဦးလေး၏ ရုပ်ရှင်ဦးတည်ချက်နှင့် ဇာတ်လမ်းအကြမ်းဖျင်းကို ပြောပြရင်း တူမောင်ကလည်း ဤဇာတ်လမ်းမျိုးရှိကြောင်း ပြောပြသည်မှာ အမှန်ဖြစ်သည်။ ဦးလေးက ဝတ္ထုအဖြစ်ရေးရန် တိုက်တွန်း၍ ကြိုက်လျှင် ရုပ်ရှင်ရိုက်ရန်ယူမည်ဟု ပြောခြင်းမှာလည်း အမှန်ဖြစ်သည်။ ထိုစဉ်က တူမောင်သည် ဘာမျှ အဖြေမပေးဘဲ ပြန်သွားသည်။ နောက် ၁၀ ရက်ခန့်အတွင်း "မသိန်းရှင်ဆီ ပို့ပေးပါ" စာမူနှင့် တူမောင် ရောက်လာပြီး ဦးလေးလက်သို့ တူမောင်ကိုယ်တိုင်ပေးသည်မှာ အမှန်ဖြစ်သည်။

ဦးလေး (တစ်ထိုင်တည်း) ဖတ်ရှုပြီး စာပေဝတ္ထုအနေဖြင့် အလွန်နှစ်ခြိုက်၍ တူမောင်ကို အားပါးတရ ချီးကျူးခဲ့သည်။ ရုပ်ရှင်အဖြစ်နှင့်ကားပွဲကြည့်ပရိသတ်လက်ခံနိုင်မည့် ပြကွက်ကို ရိုက်ကူးနိုင်ရန် များစွာခဲယဉ်း၍လည်းတစ်ကြောင်း၊ လက်မှတ်စစ်နှင့် မှောင်ခိုခြင်းမှာ ဦးလေးနှင့် တူမောင်တူညီကြသော်လည်း ရှုထောင့်မှာ မတူကြ၍ ဦးလေးမယူခြင်း ဖြစ်သည်။

အဘယ်ပုံ မတူကြသနည်းဆိုသော်၊ ဦးလေးက "မိမိချွေးဖြင့် အပင်ပန်းခံ၍ အလုပ်ကို ရိုးသားစွာလုပ်ပါ။ အစိုးရဥပဒေနှင့် မလွတ်ကင်းသည့် မှောင်ခိုအလုပ်ကို မလုပ်ပါနှင့်" ဟု သင်ခန်းစာပေးထားသည်။

တူမောင်၏ "မသိန်းရှင်ဆီ ပို့ပေးပါ" က မှောင်ခိုကို လုပ်ချင်လွန်း၍

mgyoe.com

 mgyoe.com



လုပ်ကြရသည်မဟုတ်။ ငတ်၍ လုပ်ရသည်ဟု ဆိုလိုသည်။

ဤသို့ ကွဲလွဲကြ၍ တူမောင်၏ (မသိန်းရှင်) ကို ရုပ်ရှင်ရိုက်ရန် မယူသည့်အပြင် ရှုမဝမဂ္ဂဇင်းတွင် ဝတ္ထုအဖြစ်ထည့်ရန်ပင် မယူဘဲ ပယ်လိုက်သည်။

ရုပ်ရှင်ရော မဂ္ဂဇင်းအတွက်ပါ ပယ်လိုက်သော တူမောင်၏ ပထမဆုံး စာမူသည် ဦးလေး၏အမှာတွင် ရည်ညွှန်းသည့် (ထဘီဖိုသီဖတ်သီနှင့် ကောင်မလေး) မသိန်းရှင်ပေတည်း။

ဦးလေးအနေဖြင့် ကြိုက်နှစ်သက်သည်က တစ်ကဏ္ဍ။ ရုပ်ရှင်ရိုက်ခြင်း၊ မဂ္ဂဇင်းတွင် အသုံးပြုခြင်းက တစ်ကဏ္ဍ။ အစိုးရဥပဒေနှင့် ငြိစွန်းမည်ဟု ထင်မြင်လျှင် ဦးလေးအသုံးမပြုဘဲ နေချင်နေသည်။ ဦးလေး၏ ရှုမဝမဂ္ဂဇင်းသည် လည်းကောင်း၊ ရုပ်ရှင်ထုတ်လုပ်ရေးသည် လည်းကောင်း၊ အစိုးရဥပဒေနှင့် လွတ်ကင်းလျှင် ဦးလေးစိတ်ကြိုက် ပြုလုပ်နိုင်ခွင့်ရှိသည်။ နောင်တွင်ပြည်သူပိုင်ဖြစ်လာသောအခါ၌မူကား တစ်မျိုးတစ်ဖုံ ဖြစ်ရပေမည်။

ထို့ကြောင့်ပင် တူမောင်သည် ထိုစာမူကို ၁၉၆၈ ခုနှစ်ကျမှ ပြန်လည်ပြင်ဆင်ရေးသားပြီး ရှုမဝသို့ ထပ်မံပေးလာသောကြောင့် အစိုးရဥပဒေနှင့်လည်း မငြိစွန်းနိုင်တော့ပြီဟု ဦးလေး ယုံကြည်သည့်အခါ၌ (၁၉၆၈ ခုဇူလိုင်လထုတ်) ရှုမဝတွင် မသိန်းရှင်ဆီ ပို့ပေးပါ ဝတ္ထုရှည်ကို ဦးလေးတို့ထည့်ပေးလိုက်သည်။

ချွေးကလေးစိုစို ရုပ်ရှင်ဇာတ်လမ်းအချောကို ၁၉၆၈ ခု ဇန်နဝါရီ ၂၇ ရက်နေ့ ညဘက်၌ ဦးလေးရေးသောအခါ၌ တူမောင်သည် ဦးလေးကို ကူညီသည်။ မီးရထားနှင့် ပတ်သက်သမျှသာမဟုတ်။ ဤသို့ဆိုက ပိုမိုယုတ္တိရှိမည်၊ ထိုသို့ဆိုလျှင် ယုတ္တိကင်းမဲ့မည် ဟူသည်ကအစ တူမောင်က စာလိုက်ရေးပေးရင်း ကူညီသည်။ ထို့ကြောင့် ဦးလေးသည် တူမောင်ကို များစွာ ကျေးဇူးတင်ကာ ဝတ္ထုဇာတ်လမ်းဖန်တီးရာ၌ ဦးလေးနှင့် တွဲဖက်ရေးသားသည်ဟု ရုပ်ရှင်ကားခေါင်းစီးစာတန်းတွင် ထည့်ပေးမည့်အကြောင်း ဦးလေးပြောခဲ့သည်မှာ အမှန်ဖြစ်သည်။

mgyoe.com

ထိုအချက်ကို တူမောင်၏ အိတ်ဖွင့်ပေးစာ (ရှုဒေါင့် စာမျက်နှာ ၂၇၊ တတိယနှင့် စတုတ္ထကော်လံတို့တွင်) တူမောင်က ဤသို့သရော်လိုက်ကာ ဦးလေးက မပြောခဲ့သယောင်ယောင် အဓိပ္ပာယ်ပေါက်အောင် ရေးထားသည်။

> မီးရထားနှင့် ပတ်သက်၍ ပြောပြသူ–မီးရထား လုပ်ငန်းအကြောင်း၊ လုပ်ငန်းဆက်ဆံမှုအကြောင်း ပြောပြရုံမျှဖြင့် ထိုသူကို ပူးတွဲဝတ္ထုရေးသူ ခန့်အပ်တော့မည်ဟု ဆိုလိုပေရာ ဦးလေးမှာ မယုံနိုင်လောက်အောင် သဘောထားကြီးမြတ်လှပါကြောင်း တူမောင် မှတ်တမ်းတင်ပါမည်။

တူမောင်သည် ဦးလေး၏ စေတနာကို အဘယ်မျှ စော်ကားလိုက်လေသနည်း။ ဤစကားကို ဦးလေးအမှန်ပြောခဲ့သည်။ တူမောင်၏ ကိုယ်စောင့်နတ်နှင့် ဦးလေး၏ ကိုယ်စောင့်နတ်တို့ သိကြပါသည်။ ဦးလေးနှင့် တူမောင် နှစ်ယောက်တည်း စာရေးခန်းတွင် ရေးနေကြစဉ် ပြောခဲ့ခြင်းဖြစ်၍ သက်သေတော့ မပြနိုင်။

မီးရထားနှင့် ပတ်သက်၍ တူမောင်တစ်ယောက်တည်းထံမှသာ ဦးလေး စုံစမ်းမေးမြန်းခဲ့ပြီးဖြစ်သည်။ ထိုအထဲတွင် မြန်မာပြည်၌ ဒုတိယ အကြီးဆုံး ဘူတာကြီးမှ ရုံပိုင်ချုပ်ကြီး၊ မီးရထားရုံးမှ အထက်တန်းအရာရှိကြီး၊ မီးရထား စက်ခေါင်းမောင်းနှင်သူများပါ တူမောင်နှင့် လူချင်းမတွေ့ခင်ကပင် ဦးလေး စုံစမ်းတန်သလောက် စုံစမ်းထားပြီး ဖြစ်သည်။ သို့ဆိုလျှင် ထိုသူများကိုလည်း ရုပ်ရှင်ကား ခေါင်းစီးစာတန်းတွင် နာမည်ဖော်၍ ပြရမည်လော။

ဦးလေးသည် တူမောင်နှင့် တွေ့ကြုံရရာ၌ စာပေကလောင်ရှင်တစ်ဦးအနေဖြင့် လေးစားသည်။ မီးရထားဘက် အမှုထမ်းချင်းတူလျှင် စာပေသမားက ပိုမို၍ မြင်တတ်သည်။ ထို့ကြောင့် တူမောင်ကို ဦးလေးစိတ်ကူးကို ပြောပြပြီး ဝတ္ထုရေးရန် တိုက်တွန်းခဲ့ခြင်း အမှန်ဖြစ်သည်။ ဦးလေးက တိုက်တွန်း၍ (မသိန်းရှင်) ကို နိုင်ဝင်းဆွေရေးရပါသည်ဆိုခြင်းကို သိမ်ငယ်သည်ဟု တူမောင်ယူဆနေဟန်ရှိသည်။ ထို့ကြောင့်ပင် မဟုတ်လော။ တူမောင်၏

mgyde.com

mgyoe.com

အိတ်ဖွင့်ပေးစာ၌...

...ဦးလေးက ရုပ်ရှင်ရိုက်မည်ပြောသဖြင့် တူမောင်က ပြေးရေးပေးရဘိသကဲ့သို့ ဦးလေး၏ ဖော်ပြချက်တွင် အဓိပ္ပာယ်ထွက်ပေါ်လျက်ရှိသည်ကို စာဖတ်သူများက အရှင်းသား သိမြင်နေခဲ့ပါပြီ။

အမှန်ကို အမှန်အတိုင်း ရေးခြင်းဖြစ်ရာ မသိန်းရှင်ဝတ္ထုကို ရှုမဝ ဦးကျော်က ရေးရန်တိုက်တွန်း၍ နိုင်ဝင်းဆွေ ရေးရသည်ဆိုခြင်းမှာ ဂုဏ်ငယ်ဖွယ်ရာ လုံးဝမရှိပါ။ အချို့ကျမ်းပြုဆရာတော်များမှာ မည်သူက တောင်းပန်လျှောက်ထား၍ မည်သည့်ကျမ်းကို ရေးသားပြုစုရကြောင်း နိဒါန်းတွင် ပါလေ့ရှိပါသည်။

ဦးလေးက တူမောင်ကို တိုက်တွန်းသည်ဟူသည့် အသုံးအနှုန်းအစား တောင်းပန်သည်ဟု ပြင်နိုင်ပါသည်။

ဦးလေးအနေဖြင့်မူ 'ချွေးကလေးစိုစို' ရုပ်ရှင်ဇာတ်လမ်းရေးသားရာ၌ တူမောင်သည် အမှန်ပင်ကူညီခဲ့သဖြင့် ကျေးဇူးတင်ခြင်းကြောင့် ခေါင်းစီးစာတန်းတွင် ဂုဏ်ပြုသည့်အနေဖြင့် ပူးတွဲဝတ္ထုရေးသူအဖြစ် ထည့်သွင်းပေးမည်ဟု အမှန်ပင် ပြောခဲ့သည်။ တူမောင်ကလည်း အမှန်ပင် ငြင်းပယ်ခဲ့သည်။ ဤသို့ ငြင်းပယ်ခြင်းအတွက် ဦးလေးက တူမောင်ကို ပို၍လေးစားခဲ့သည်။ ထို့ကြောင့်လည်း (မသိန်းရှင်) အမှာစာတွင် ဂုဏ်ပြုသည့်အနေဖြင့် ဖော်ပြလိုက်မိခြင်းဖြစ်သည်။

ထိုသို့ တူမောင် ငြင်းပယ်ခြင်းနှင့် ပတ်သက်၍ တူမောင်၏ အိတ်ဖွင့်ပေးစာ၌...

"ဦးလေးပဲ နာမည်ယူလိုက်ပါ၊ ကျွန်တော့် မသိန်းရှင်လည်း မဟုတ်ပါဘူး"

ဟူ၍ ရေးသားထားသည်။ ဦးလေးက ရဲဝံ့စွာ ငြင်းဆိုသည်။ တူမောင်သည် ဤစကားကို လုံးဝမပြော။ တူမောင်ပြောခဲ့သည့် စကားများမှာ (မသိန်းရှင်လုံးချင်းဝတ္ထု) ဦးလေး၏ အမှာစာတွင် ပါသည့်အတိုင်းဖြစ်သည်။ စကားလုံးနည်းနည်း ကွဲချင်ကွဲမည်၊ အဓိပ္ပာယ်မှာ အမှန်ဖြစ်သည်။

mgyoe.com

mgyee.com


ဦးလေးနှင့် တူမောင် နှစ်ယောက်တည်း အခန်းထဲပြောကြသည့် စကားများဖြစ်၍ သက်သေမပြနိုင်သော်လည်း ဦးလေး၏ ကိုယ်စောင့်နတ်နှင့် တူမောင်၏ ကိုယ်စောင့်နတ်တို့ သိကြပါသည်။

တစ်ခု ပြောလိုက်မည်– တူမောင်။ ယခု အိတ်ဖွင့်ပေးစာ၌ တူမောင် ရေးသားထားသည့်အတိုင်း တူမောင်သည် ဦးလေးထံ လူကိုယ်တိုင်လာ၍ ဦးလေးမျက်နှာကို စေ့စေ့ကြည့်ပြီးလျှင် ပြောလှည့်ပါ။ ဦးလေး၏ မျက်နှာကို တူမောင် အဘယ်မျှ စေ့စေ့ကြည့်နိုင်မည်ကို တူမောင် လက်တွေ့သိရှိရပါလိမ့်မည်။

အမှန်တရား၏ မျက်လုံးဒဏ်ကို မမှန်သမားသည် မည်သည့်အခါမျှ မခံနိုင်။

တူမောင်တစ်ယောက်တည်း မလာရဲလျှင် အဖော်ခေါ်ချင်သလောက် ခေါ်ခဲ့ပါ။ ဦးလေးသည် လူကြီးပီသစွာ ယဉ်ယဉ်ကျေးကျေး လက်ခံဆွေးနွေးမည်။

တူမောင်၏ အိတ်ဖွင့်စာနှင့် ပတ်သက်၍ ဦးလေးသည် စာကြောင်းတစ်ကြောင်းစီ ပြန်လှန်ချေပရန် မခဲယဉ်းပါ။ သို့သော် အရေးကြီးသည့် တူမောင်၏ စွပ်စွဲချက်ကိုသာ နောက်ဆုံး ဖြေရှင်းတော့မည်။

တူမောင်၏ အိတ်ဖွင့်ပေးစာ၏ စွပ်စွဲချက်အချုပ်မှာ 'ချွေးကလေးစိုစို' ရုပ်ရှင်ဇာတ်လမ်းသည် (မသိန်းရှင်) ဝတ္ထုမှ ဟိုဟာပြောင်း သည်ဟာပြောင်း ပြုလုပ်ထားသည်ဟု စွပ်စွဲထားသည်။ (ရှုဒေါင့်ဂျာနယ် စာမျက်နှာ ၂၇၊ ပထမကော်လံတွင် ပြန်ကြည့်ပါ။ နေရာမရှိမည်စိုး၍ တူမောင်၏ စွပ်စွဲချက်ကို ပြန်၍ မဖော်ပြလိုက်ပြီ။)

'ချွေးကလေးစိုစို'ကို ရိုက်ကူးရန် ၁၉၆၃ ခုနှစ်ကပင် အကြံရခဲ့သည်။ ၁၉၆၃ ခု ဩဂုတ်လထဲတွင် ဦးလေးသည် မန္တလေးမှ လားရှိုးသို့ ဒေသန္တရ ဗဟုသုတအဖြစ် မီးရထားဖြင့် သွားရောက်ရာ ရုပ်ရှင်မင်းသားကြီး ဦးကျော်လုံးနှင့် မောင်ယဉ်ကြည်တို့လည်း ပါကြသည်။ ဆည်တော်ဘူတာတွင် ချာပါတီနှင့် အာလူးဟင်းရောင်းသည့် မိန်းကလေးများကို ဆင်းရဲနွမ်းပါးစွာ သနားစဖွယ် တွေ့မြင်ခဲ့ရသည်။ ရထားပေါ်တွင် လက်မှတ်

mgyee.com

mgyoe.com


မပါဘဲ စီးနင်းလိုက်ပါလာသည့် ခရီးသည်အချို့နှင့် ဖမ်းဆီးသည့် လက်မှတ်စစ်တို့ကိုလည်း ကြုံခဲ့ရသည်။ လားရှိုးရောက်သည့်အခါ၌လည်း ဈေးတွင်း၌ မှောင်ခိုပစ္စည်းများ ရောင်းနေသည်ကို တွေ့ကြုံခဲ့ရသည်။ ဤတွင် မီးရထားနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း၏ ရှုခင်းအလှ၊ ချာပါတီမုန့်သည် မိန်းမပျိုနှင့် လက်မှတ်စစ်၊ မှောင်ခိုကုန်ကူးခြင်းနှင့် အစိုးရဥပဒေတို့ကို ရောမွှေကာ 'ချွေးကလေးစိုစို' ရုပ်ရှင်ကားကို ကြံစည်ခဲ့သည်။

ဦးလေး၏ ဉာဉ်မှာ မိမိပိုင်နိုင်သည့် အကြောင်းအရာကို ကျွမ်းကျင်အောင် မစူးစမ်းမရှာဖွေရသေးသမျှ အလျင်စလို လုပ်လေ့လုပ်ထ မရှိသဖြင့် ချွေးကလေးစိုစိုကို ချက်ခြင်းမရိုက်သေးဘဲ အခြားရုပ်ရှင်ကားများကိုသာ ရိုက်ကူးခဲ့သည်။

'ချွေးကလေးစိုစို' ရိုက်ကွင်းရှာဖွေရန်အတွက် ဦးလေးသည် ဒုတိယအခေါက် ၁၉၆၄ ခု ဇွန်လထဲတွင် ဦးကျောက်လုံး– မောင်ယဉ်ထွေးတို့နှင့်အတူ စတုဗ္ဗလွန်းထိုးနှင့် မေမြို့တို့သို့ သွားရောက်ခဲ့သည်။ တတိယအခေါက် ၁၉၆၆ ခု မတ်လထဲ၌ (တူမောင်ရှိရာ လယ်ဝေးသို့ ဝင်ခဲ့သည့်အခေါက်) ဆည်တော်ဘူတာနှင့် မေမြို့အကြား သွားရောက်ခဲ့သည်။

ဤသို့ ရှမ်းပြည်မြောက်ပိုင်း ရထားလမ်းတွင် လက်မှတ်စစ် ချပါတီမုန့်သည်မကလေး–မှောင်ခိုကုန်နှင့် အစိုးရဥပဒေတို့ကို ရုပ်ရှင်ကားအဖြစ် ရိုက်ကူးလို၍ နှစ်ဖြင့်ချီလျက် ကြိုးစားခဲ့ရသည်ကို တူမောင်က "ဝတ္ထုကို ရိုက်ကွင်းလှမည့် ရှမ်းပြည်သို့ပို့ပစ်မည်။ ထန်းလျက်အစား ယိုးဒယားမှောင်ခိုကုန်များ ကူးခိုင်းမည်" ဟူ၍ တူမောင်က စွပ်စွဲထားသည်မှာ မုသားသက်သက်ဖြစ်ကြောင်း ဦးလေးက ရဲဝံ့စွာဖြေရှင်းလိုက်သည်။

မန္တလေး–လားရှိုး မီးရထားလမ်းတစ်လျှောက် (ချွေးကလေးစိုစို) ရုပ်ရှင်ကားရိုက်ကူးရန် ၁၉၆၃ ခုနှစ်ကပင် ဦးလေးကြံစည်စိစဉ်ခဲ့ကြောင်း ဦးကျောက်လုံး–မောင်ယဉ်ကြည်–မောင်ရင်ထွေးနှင့် အိုးဝေပန်းချီပန်းပုဆရာကြီး ဦးလွင်တို့ကို သက်သေပြနိုင်သည်။ ၁၉၆၆ ခု မတ်လ (တတိယ) အခေါက်တွင်မှ ရွေးချယ်ထားသည့် ဆည်တော်နှင့် စတုဗ္ဗလွန်းထိုး ရှုခင်းရိုက်ကွက်များကို ၁၆ မီလီမီတာ ရုပ်ရှင်ကင်မရာဖြင့် ရိုက်ကူးလာခဲ့သေး

mgyoe.com

mgyoe.com


သည်။

နောက်ဆုံး တူမောင်ကို ပြောကြားလိုသည်မှာ ချွေးကလေးစိုစို ဇာတ်လမ်းသည် (မသိန်းရှင်) ဝတ္ထုမှ ဟိုဟာပြောင်း၊ သည်ဟာပြောင်း လုပ်ပါသည်ဆိုလျှင်၊ ထိုဇာတ်လမ်းရေးစဉ်က ဦးလေးနှုတ်မှ ပြောပြသည်ကို တူမောင်ကိုယ်တိုင် လက်ဖြင့် လိုက်ရေးပေးနေပါလျက် ထိုအခါက မည်သည့်အတွက် မကန့်ကွက်သနည်း။ သို့မဟုတ်လျှင်လည်း 'ချွေးကလေးစိုစို' ရုပ်ရှင်ကားကို ရုံတင်သည့် ၁၉၇၀ ခု ဖေဖော်ဝါရီလက အဘယ့်ကြောင့် တူမောင် မကန့်ကွက်ပါသနည်း။

အဖြေမှာ ရှင်းရှင်းကလေးပါ။

တူမောင်၏ (မဟူရာမေတ္တာ) တွင် ဦးလေး အမှာစာရေးပေးပါဆိုလို့ ရေးပေးစဉ်က ပြုံးပြုံးကလေးဖြင့် ငြိမ်ချက်သားကောင်းလှသည့် နိုင်ဝင်းဆွေသည် (မသိန်းရှင်ဆီပို့ပေးပါ) အမှာစာ ဦးလေးရေးလိုက်သောအခါ၌မူကား အိတ်ဖွင့်ပေးစာတွေဘာတွေ ရေးလျက် မဟုတ်မဟတ် စွပ်စွဲလာတော့သည်။

တူမောင်တို့က အမှာစာရေးခိုင်း၍ ဦးလေးက အလုပ်ပျက်ခံ အချိန်ကုန်ခံပြီး ဖတ်ရှုကာ (ဖိုးရေးချင်ဖြစ်၍ မဟုတ်) ကတည္တုတ ကတဝေဒီအရ ရေးပေးရသည်။ ပိုက်ဆံတစ်ပြား မျောက်တစ်ကောင်ရသည် မဟုတ်ပါ။ အမှာစာများကို မျက်စိရှုပ်သူများ မနည်းပါးလှပါ။ သည်အထဲ ဦးလေးလည်း ပါပါသည်။

မရေးချင့် ရေးချင်ဖြင့် ရေးသော်လည်း လွတ်လပ်စွာ ကိုယ်မြင်သည့် အတိုင်း ရိုးသားစွာ ဦးလေးရေးခဲ့သည်။ မကျေနပ်လျှင် မိမိကို ချီးမွမ်းခန်းဖွင့်တတ်သည့် ပုဂ္ဂိုလ်များထံ တူမောင်ချဉ်းကပ်ပေါ့။

(မသိန်းရှင်) နှင့် ပတ်သက်၍ ဦးလေး ထပ်ပြောလိုက်ဦးမည်။ တူမောင်ပထမဆုံး (၁၉၆၆ အောက်တိုဘာလက) တူမောင်ကိုယ်တိုင် လာပေးသည့် မသိန်းရှင်ကို ဦးလေးအကြိုက်ဆုံးဖြစ်၏။ ရှထောင့်မတူ၍ ရုပ်ရှင်မရိုက်ဖြစ်သော်လည်း၊ အစိုးရဥပဒေနှင့် မလွတ်ကင်းဘူးထင်၍ မဂ္ဂဇင်းတွင် မထည့်ဝံ့သော်လည်း ဦးလေးအကြိုက်ဆုံး ဖြစ်သည်။ ၁၉၆၈ ဇူလိုင်လထုတ် ရှုမဝပါ (မသိန်းရှင်) ကိုမူ အစိုးရဥပဒေနှင့် လွတ်ကင်းသွားပြီဖြစ်၍ ပထမ

mgyoe.com

mgyoe.com

မသိန်းရှင်လောက် အရသာမတွေ့တော့သော်လည်း ဦးလေး ကြိုက်ပါသေးသည်။ ၁၉၇၁ ခုနှစ် လုံးချင်း (မသိန်းရှင်) ကိုမူ ၃ိ တန် မဖြစ်ဖြစ်အောင် ချဲ့လွန်းသည်ဟု ဦးလေးထင်၍ တယ်မကြိုက်တော့။ ဦးလေးအမြင်မှန်ချင်လည်း မှန်မည်၊ မှားချင်လည်း မှားမည်။ တူမောင်သည် မိမိကလောင်ကို လွတ်လပ်စွာ ကိုင်နိုင်သကဲ့သို့ ဦးလေးလည်း ဦးလေး၏ ကလောင်ကို လွတ်လပ်စွာ ကိုင်နိုင်ခွင့်ရှိသည်။ တကယ်တော့ တူမောင်တို့လို နာမည်ကျော်လာသော ကလောင်ရှင်ကြီးက ဦးလေးတို့လို မတောက်တခေါက် ကလောင်စုတ်၏ အမှာမျိုးကို ဘာမျှတောင်းနေရန် မလိုတော့ပါ။

တူမောင်နှင့် ဦးလေးတို့သည် နောက်ထပ်ယခုကိစ္စအတွက် ဆက်လက်ရန်မလိုတော့ပါ။

မကျေနပ်သေးလျှင် တူမောင် လူကိုယ်တိုင် ဦးလေးနှင့် မျက်နှာချင်းဆိုင်လှည့်ပါ။

ကလောင်ဖြင့် ရေးခြင်းသည် အနုပညာစာပေမဟုတ်ဘဲ ပုဂ္ဂိုလ်ရေးရာဖြစ်ခဲ့လျှင် တစ်ဖက်သတ်ကျလှပါသည်။ တူမောင်၏စာကို ဖတ်ရသူက တူမောင်မှန်သည်ဟု ထင်မြင်နိုင်သည်။ ဦးလေး၏စာချည်း ဖတ်ရသူကလည်း ဦးလေးကမှန်မည်ထင်မြင်မည်။ မျက်နှာချင်းဆိုင်ပြီး ဖြေရှင်းကြရလျှင် အမှန်တရားက ထင်ရှားပြပါလိမ့်မည်။

တူမောင်၏ အိတ်ဖွင့်ပေးစာ နောက်ဆုံးစာကြောင်း "ကြည်ညို လေးစားလျက် ရှိပါသော" ဟူသည့် နှုတ်ခွန်းဆက်ကလေးကို ရှုမြင်ရသည့်အခါ ဦးလေးသည် သံပရာတစ်ခြမ်းကို လှမ်း၍ မြင်မိပါသတည်း။ ။

တစ်ခါက

တူမောင်ကို ပခုံးဖြင့် ထမ်းတင်ခဲ့သည့်

မောင်ကျော်

၁–၈–၇၁

ရှုဒေါင့်ဂျာနယ် (၅၈)

၁၅၊ ဩဂုတ်၊ ၁၉၇၁


mgyoe.com

mgyoe.com

## စာရေးသူ၏ ဝန်ခံချက်

ဤ၀တ္ထုမှာ ကျွန်တော်ကျင်လည်ခဲ့သော ဘ၀ကို ပြန်ရေးခြင်းဖြစ်ပါ၏။ ရှုမ၀မဂ္ဂဇင်း၌ မဖော်ပြနိုင်သဖြင့် ပြန်၍ ရင်ခွင်ပိုက်ထားရသည့် ၀တ္ထုကို ၁၉၆၅၊ မေလ ၁၃ ရက်၊ ည ၂ နာရီ မိုးကြီးရွာသွန်းနေစဉ် အဆုံးသတ်သည်။ ၁၉၆၆ ဇူလိုင်လ၌ ရှုမ၀သို့ ပေးပို့ခဲ့သည်။

ဒုတိယပြန်ရေးသည့် ရှုမ၀၌ တင်ဆက်ခွင့်ရသော 'မသိန်းရှင်ဆီ ပို့ပေးပါ' ကို ၁၉၆၈ ၌ ပြန်ရေးသည်။

ယခု 'မသိန်းရှင်' မှာ ထိုနှစ်ခုကို ပြန်၍ ပေါင်းစပ်ညှိနှိုင်းရေးသားခြင်း ဖြစ်ပါသည်။

နိုင်ဝင်းဆွေ

၂၈၊ ၄ ၊ ၇၁

❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဒဂုန်တာရာ၏ အမှာ
# [ ၁ ]

အမှန်အားဖြင့် နိုင်ဝင်းဆွေအား မိတ်ဆက်ပေးစရာ မလိုတော့ပါ။ သူသည် စာရေးသက်လည်း ၅ နှစ်ကျော်စပြုပါပြီ။ ဝတ္ထုများလည်း အသင့်အတင့်ရေးခဲ့ပါပြီ။

သို့သော် သူသည် ယခု 'မသိန်းရှင်ဆီ ပို့ပေးပါ' အတွက် အမှာရေးပေးပါရန် ကျွန်တော့်အား လာရောက်ပူဆာသည်။ မနေ့ကတင် တစ်ခေါက်လာပြန်ကာ အမှာစာလိုအပ်ပါသည်ဟု ပြောသည်။

ကျွန်တော့်ထံသို့ လူငယ် ကဗျာဆရာများ၊ စာရေးဆရာများသည် သူတို့စာအုပ်သစ်များထုတ်လျှင် အမှာစာ ရေးစေချင်ကြသည်။ ၁၉၄၅ က မန်းတင်။ အဲသည်တုန်းက ကျွန်တော်တို့မှာ ၂၀ ကျော် အစိတ်တွင်း။ သူနှင့်ကား ကျောင်းနေဖက်။ ရွယ်တူ မတိမ်းမယိမ်း။ သူက ကျွန်တော့်ထက် နည်းနည်းပဲကြီးသည်။ နောက် ဘုန်းကြွယ်၊ မင်းရှင်၊ ရဲခေါင်၊ ကြည်အေး။ သည်တုန်းက အသက် ၂၀ အရွယ်တွေ။

သည်ဘက်ရောက်လာသောအခါ တင်မိုး၊ ဆင်ဖြူကျွန်း အောင်သိန်း၊ ဝင်းလတ်၊ တော်လှန်ကဗျာအင်အားစုမှ လူငယ်တွေ။

(ကျွန်တော်သည် လူငယ်များ၏ လှုပ်ရှားမှုကို စိတ်ဝင်စားသည်။

mgyoe.com

mgyoe.com

တိုးတက်နေသော အင်အားစုများကို ယုံကြည်သည်။ ရာဇဝင်ခေတ် တစ်ခေတ် တစ်ခေတ်၌ တိုးတက်သော အင်အားသစ်များသည် ခေတ်ကိုပြောင်းလဲသောသူများ ဖြစ်ကြသည်။ ချုံနွယ်ပိတ်ပေါင်းများကို ဖယ်ရှားကာ လမ်းထွင်သူများသည် လူငယ်များ ဖြစ်တတ်ကြသည်။)

၁၉၂၀ ကာလ ဝံသာနုခေတ်က အမျိုးသားလှုပ်ရှားမှုတွင် ထိုအခါက လူငယ်များပင် ရှေ့ဆောင်ခဲ့ကြသည်။ ထိုအခါက တိုးတက်သော လူငယ်အင်အားသစ် ဖြစ်ခဲ့ဖူးသူ ဘကြီးဘဘောမှာ အသက် ၈၀ ကျော်အရွယ်တွင် တစ်နေ့က ကွယ်လွန်သွားခဲ့ပြီ။ တို့ဗမာအစည်းအရုံးခေတ်ကလည်း လူငယ်အင်အားစုပင် တက်တက်ကြွကြွ လှုပ်ရှားခဲ့ကြသည်။ ထိုအခါက 'တက်လူ' ဟူသော ဝေါဟာရပင်ပေါ်ခဲ့သည်။ တိုးတက်သော အင်အားသစ်ဟူသော ဝေါဟာရပင်လျှင် ရွေ့လျားနေသော စကားလုံးဖြစ်သည်။ နှိုင်းယှဉ်၍ပြောရသော သဘောတရားပင်ဖြစ်သည်။ တစ်ခေတ်က တိုးတက်ခဲ့သော်လည်း ခေတ်တစ်ခေတ်တွင် ဖောက်ပြန်သောအင်အား ဖြစ်သွားနိုင်သည်။ ယနေ့နိုင်ငံရေးခေတ်များကို လေ့လာက တွေ့ရှိရပေမည်။ ပဒေသရာဇ်ဆန့်ကျင်သောခေတ်က ဓနရှင်သည် တိုးတက်သောအင်အား ဖြစ်ခဲ့သည်။ ဆိုရှယ်လစ်စီးပွားရေးခေတ် ရောက်သောအခါ ယင်းဓနရှင်သည် ဆုတ်ယုတ်သောအင်အားစု ဖြစ်သွားရပေပြီ မဟုတ်ပေလော။ အဖိနှိပ်ခံ ပြည်သူဘက်က အမြဲတမ်းနေသူသည်သာ ခေတ်တိုင်း၌ တိုးတက်သော အင်အားစုအဖြစ် အမြဲတမ်း တည်ရှိနေနိုင်ပေသည်။ (ဥပမာ၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း။ ဆရာကြီးသည် အဖိနှိပ်ခံပြည်သူများ၏ လှုပ်ရှားမှုဘက်က အမြဲတမ်းနေခဲ့သူ)။

ကျွန်တော့်အမှာများကိုလည်း ပြောင်းလဲနေသော ရာဇဝင်ခေတ်များနှင့် နှိုင်းယှဉ်၍ အဓိပ္ပာယ်ယူကြစေချင်သည်။

လွန်ခဲ့သော အနှစ် ၂၀ က အမှာစာကို ထိုခေတ်က ပြောင်းလဲနေသော ခေတ်အတွေ့အကြုံနှင့်ဟပ်၍ နားလည်ခံစားစေချင်သည်။

*

mgyoe.com

[ ၂ ]

ကျွန်တော့်မိတ်ဆွေ ပါရဂူက "ခင်ဗျားက အမှာမှာ ခင်ဗျားရေးချင်တာတွေ ရေးတာပဲ" ဟု ပြောလိုက်သည်။ သူသည် 'မဟူရာမေတ္တာ'ဝတ္ထု အမှာစာကို ဖတ်ပြီးနောက် ပြောခြင်းဖြစ်သည်။

"ကျွန်တော် ခံစားသလို ရေးပေးလိုက်တာပါပဲ။ တစ်ခုတော့ရှိတယ်၊ ရာဇဝင်ခေတ်ကတော့ ကျွန်တော့် ခံစားမှုကို ရိုက်ခတ်တတ်တယ်"

(ခေတ်တစ်ခေတ်၏ ပြောင်းလဲသောအင်အားစုကို အကဲခတ်လိုလျှင် လူငယ်များ၏ လှုပ်ရှားမှုကို ကြည့်ရပေမည်။ လူငယ်များ၏ လွတ်လပ်စွာ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား လုပ်ထားပြီဆိုလျှင် ယင်းခေတ်၌ အတက်နေးတတ်သည်ကို သတိပြုမိသည်။ မှန် မမှန် ပြည်သူများ၏ အတွေ့အကြုံက အဖြေပေးပါလိမ့်မည်။)

စာပေတွင်လည်း အင်အားသစ်များကို ကြိုဆိုချင်သည်။ ပန်းတိုင်းပွင့်စေချင်သည်။ အလှအပတွင် ကြည်မောယစ်ရီစေချင်သည်။ သို့သော် (အဆိပ်ပန်းဖြစ်နေလျှင်ကော။ အဆိပ်ပွင့်ကိုကား ပြည်သူများက ဖယ်ရှားရပေမည်။)

*

[ ၃ ]

ယခု နိုင်ဝင်းဆွေ၏ 'မသိန်းရှင်ဆီ ပို့ပေးပါ' ဝတ္ထုအတွက် ပြောစရာသိပ်မရှိလှပါ။ သူ့ဝတ္ထု ကိုယ်တိုင်ကပင်လျှင် သူ့ခေတ်၏ ပြည်သူ့အစီရင်ခံစာတစ်ရပ်ကို တင်သွင်းထားပါသည်။

ပြောစရာမှာ နည်းနည်းပဲရှိပါသည်။ မပြောလျှင်လည်း ဖြစ်ပါလိမ့်မည်။ သို့သော် ကျွန်တော်ကတော့ ကျွန်တော့်ခံစားမှုကို ထိခိုက်၍ ပြောရပါမည်။ ဝတ္ထုတစ်နေရာ၌ ဇာတ်ကောင်တစ်ကောင် (အရေးကြီးလှသော ဇာတ်ကောင်မဟုတ်ပါ) ၏ နှုတ်မှ လူသတ်ဝါဒအကြောင်း အမှတ်တမဲ့ ပြောထား

mgyoe.com

mgyoe.com

သည်။ သိပ္ပံဘက် အနုပညာဘက်မှ ယနေ့ တိုးတက်နေသည်မှာ မှန်ပါသည်။ လ သို့ လူရောက်ပြီ။ အရှေ့နှင့်အနောက် အနုပညာများ ယှက်နွယ်ကာ သစ်ဆန်းနေကြသည်။ ဆိုရှယ်လစ် စီးပွားရေးစနစ်သည် အမြစ်တွယ်နေပြီ။ သို့သော် လူသတ်စစ်ပွဲကိုကား တားဆီး၍မရသေး။

လူတိုင်းသည် မွေးစဉ်တုန်းက ရိုးသားကြသည်။ ဖြူစင်ကြသည်။ လူမသတ်ချင်ကြပါ။ မရက်စက်ချင်ကြပါ။ သို့သော် ရုပ်ကမ္ဘာကြီး၏ ပတ်ဝန်းကျင်က အတ္တ၏ သားကောင်များဖြစ်အောင် လုပ်ပေးတတ်ပါသည်။ တရားစစ်နှင့် မတရားစစ်၊ လူသတ်ကြသည်ချည်း ဖြစ်သည်။ သို့သော် တရားစစ်ကား ခုခံစစ်၊ ကာကွယ်စစ်။ မတရားစစ်ကား ဖိနှိပ်စစ်၊ ကျူးကျော်စစ်။ ထို့ကြောင့် တရားစစ်ဘက်က နေကြရသည်။

ကျွန်တော်ကိုယ်တိုင်ကား လက်နက်ကိုင်ဝံ့ဖို့ဝေးစွ။ ကြမ်းပိုးကိုပင် မသတ်ရဲ။ ထောင်ထဲတွင်ရှိစဉ်က ကြမ်းပိုးများကိုဖမ်းပြီး အပြင်ဘက်လွှတ်သဖြင့် ထောင်ပဲတော်များက ကျွန်တော့်အား ရယ်မောကြသည်။ အာဃာတစကားများပြောလျှင် ကျွန်တော်က ခွင့်လွှတ်ရန် ပြောရသည်။ ကျွန်တော်ကမူ ရန်သူ (လူပုဂ္ဂိုလ်) အား ခွင့်လွှတ်ခြင်းသည် အမြင့်မြတ်ဆုံးသော လက်စားချေခြင်းဟု ယူဆနေမိသည်။ ထို့ကြောင့် ကျွန်တော်ကား ဘယ်တော့မှ နိုင်ငံရေးသမားဖြစ်မည် မဟုတ်။ နိုင်ငံရေးသမားထဲ ကြီးပြင်းလာသော်လည်း ကျွန်တော့်မှာ သူတို့လုပ်တိုင်း လက်ခံနိုင်သူမဟုတ်။ ကျောင်းနေစဉ်က ကျွန်တော့်အား ယခု နိုင်ငံရေးခေါင်းဆောင်ဖြစ်သွားကြသူ မိတ်ဆွေများက 'အတွေးသမား' ဟု ခေါ်ခဲ့ကြသည်။ စကားဖြတ်ကြစို့။

*

# [ ၄ ]

လူနှင့်စနစ် ဘယ်ဟာက အဓိကနည်း။ စိတ်ဝါဒသမားတို့က လူက အရေးကြီးသည်ဟု ပြောပေမည်။ ရုပ်ဝါဒသမားတို့က စနစ်ကို ပြောပေမည်။ လူဆိုသည်ကား စိတ်နှင့်ရုပ် ပေါင်းစပ်ထားသော အသက်ရှင်နေသူဖြစ်

mgyoe.com

သည်။ စနစ်ဆိုသည်ကား ရုပ်ကမ္ဘာဖြစ်သည်။ မရှိ၍ ခိုးခြင်းဖြစ်သည်။ ဤကား ရုပ်ကစေ့ဆော်၍ ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။) ဘာ့ကြောင့် ဆရာစံ သူပုန်ထသနည်း။ အင်္ဂလိပ်နယ်ချဲ့သမားက ဖိနှိပ်၍ဖြစ်သည်။ ယနေ့ ဗီယက်နမ်၌ ဘာ့ကြောင့် အမျိုးသားလွတ်မြောက်ရေးစစ် ဖြစ်ရသနည်း။ နယ်ချဲ့သမားက ကျူးကျော်၍ဖြစ်သည်။ သို့ဖြစ်လျှင် စိတ်က တန်ခိုးမရှိ ပေဘူးလော။ စိတ်အင်အား စိတ်တန်ခိုးရှိပေသည်။ ယင်းသည် ရုပ်ဖြင့် လေ့ကျင့်ထားမှ အင်အားစွမ်းရှိလာမည်ဟု ထင်ပေသည်။ သမထစသော နည်းတို့သည် ရုပ်ကိုလေ့ကျင့်ခြင်း (ရှုရှိုက်) ဖြင့် စိတ်အင်အား သန်စွမ်းထက် မြက်အောင် လုပ်ခြင်းပေလောဟု စဉ်းစားမိသည်။ စကားဖြတ်ကြဦးစို့။

နိုင်ဝင်းဆွေမှာ သရုပ်ဖော်ဝါဒဘက် ယိမ်းသော ဝတ္ထုရေးဆရာဖြစ် သည်။ သူ့၌ လှပသောစိတ်ကူးရှိသည်။ ဆန်းသစ်မှုရှိသည်။ သရုပ်ဖော် အနုပညာလည်း ရှိသည်။ ယင်းသရုပ်ဖော် အနုပညာဖြင့် မှောင်ခိုစနစ်ကို ဖွဲ့နွဲ့ထားပေသည်။

ညိုညိုမှာ မှောင်ခိုစနစ်၏ သားကောင် ယုန်မကလေး ဖြစ်သည်။ စနစ်လော၊ လူလောဟူသော မေးခွန်းကို စာဖတ်သူတို့က ဖြေကြားစေချင် သည်။ (စနစ်က ကောင်းသားပဲ၊ လူက မကောင်းတာဟုပြောလျှင် စနစ် ကိုက မကောင်းသေးလို့ လူက မကောင်းနိုင်တာပါဟု ဖြေမည်လော။ သို့ မဟုတ် မူက ကောင်းတယ်၊ လူက မကောင်းတာဟု ဖြေမည်လော။ အရင်းရှင် စနစ်ထက် ဆိုရှယ်လစ်စီးပွားရေးစနစ်က သာလွန်သည်ဟု တကယ်တမ်း ယုံကြည်သော ပြည်သူများသည် မည်သို့ဖြေကြမည်နည်း။)

နိုင်ဝင်းဆွေသည် ယင်းပြဿနာကို အနုပညာမြောက်သော ရသ စာပေနည်းဖြင့် ရှင်းထားသည်။ သူဘယ်သို့ ရှင်းထားသနည်း။ အမှာကို ကျော်၍ ဝတ္ထုကိုဖတ်ရန်မှတစ်ပါး အခြားနည်း မရှိပေ။

*၂-၆-၇၁*

*ဒဂုန်တာရာ*



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ချောလာသည့် မသိန်းရှင်

ရှမဝ–ဦးကျော်

မသိန်းရှင်ကို ကျွန်တော်တွေ့စက ယခုလောက် မချောပါ။ ကပိုကရို ဖိုသီဖတ်သီဖြင့် သူ့အလှမှာ ချစ်စရာကောင်းသည်။

ကျွန်တော်တို့သည် အချောနှင့် အလှကို ခွဲခြားကြည့်တတ်သော အကျင့်ရှိသည်။ လှတိုင်းလည်း မချော။ ချောတိုင်းလည်း မလှ။

ဟိုတုန်းက မသိန်းရှင်သည် လှသည်၊ ချစ်စရာကောင်းသည်။ ယခု မသိန်းရှင်က ချောသည်၊ ကြိုက်စရာကောင်းသည်။ ကျွန်တော်တို့က အချစ်နှင့် အကြိုက်ကိုလည်း ခွဲခြားကြပြန်ပြီ။

စာပေနယ်၌ ကျွန်တော်သည် အလှနှင့် ချစ်စရာသာ ရှာခဲ့သည်။ ရုပ်ရှင်နယ်သို့ ကျွန်တော်ဝင်လိုက်သော အခါ၌ကား အချောနှင့်အကြိုက်ကိုသာ ဦးစားပေးနေကြသူ များနေ၍ ကျွန်တော်တို့ အလှသမား အချစ်သမား တို့မှာ တယ်ပြီး မျက်နှာမပွင့်ခဲ့ကြပါ။

အလှသည် သဘာဝဖြစ်သည်။ ချောအောင်ကိုမူ ပြုပြင်ယူရသည်။ ချစ်စရာကောင်းခြင်းသည်လည်း သူ့ နဂိုသဘာဝပင် ဖြစ်သည်။ ကြိုက်စရာ ကောင်းအောင်မူ မိတ်ကပ်ခြယ်သသူတစ်ပါး မျက်စိမကျ၊ ကျအောင် ပြုပြင်ရ သည်။

၁၉၆၆ ခုနှစ်က ဖြစ်သည်။

ရှုမဝမဂ္ဂဇင်းတွင် နိုင်ဝင်းဆွေ၏ 'မဟူရာ မေတ္တာ' အခန်းဆက် ဝတ္ထုရှည်ကြီးအပြင် နောက်ထပ် သူ၏ဝတ္ထုတိုများ သုံးလေးပုဒ်ခန့်ပါရှိပြီး၍

mgyoe.com

mgyoe.com

သူနှင့်ကျွန်တော်လည်း လေးငါးကြိမ်ထက်မနည်း တွေ့ဆုံဖူးကြသောကြောင့် ခင်မင်ရင်းနှီးနေကြပြီ ဖြစ်သည်။

ထိုစဉ်က နိုင်ဝင်းဆွေသည် လယ်ဝေး မီးရထားဘူတာရုံ၌ အမှုထမ်းလျက်ရှိသည်။ သူသည် အဖော်တစ်ယောက်နှင့် သူ့အလုပ်တာဝန်ဖြင့် ရန်ကုန်ရောက်ရင်း ကျွန်တော့်ထံဝင်လာသည်။

ထိုအခါက ကျွန်တော်သည် 'ချွေးကလေးစိုစို' ရုပ်ရှင်ကားအတွက် ဇာတ်လမ်းအကြမ်းရေးနေသည်။ ချွေးကလေးစိုစို ဇာတ်လမ်းမှာ မီးရထားလက်မှတ်စစ် ယောကျ်ားပျိုနှင့် မှောင်ခိုကုန်ကူးသည့် ဆင်းရဲသူမလေးအကြောင်း ဖြစ်သည်။

မီးရထားဘက် အမှုထမ်းနေသည့် နိုင်ဝင်းဆွေကို ကျွန်တော်က လက်မှတ်စစ်တို့၏ သဘာဝကို မေးမြန်းရင်း 'ချွေးကလေးစိုစို' အကြောင်း ပြောပြရာ နိုင်ဝင်းဆွေက သူ့တွင်လည်း မှောင်ခိုသမကလေးနှင့် လက်မှတ်စစ်တို့အကြောင်း ဇာတ်လမ်းတစ်ပုဒ် ရှိနေကြောင်း ပြောသည်။

ကျွန်တော်က ထိုဇာတ်လမ်းကိုရေးရန် သူ့အားတိုက်တွန်းပြီး အကယ်၍ ကျွန်တော်နှစ်ခြိုက်ခဲ့လျှင် ရုပ်ရှင်ရိုက်မည့်အကြောင်း ပြောလိုက်သည်။

နိုင်ဝင်းဆွေသည် လေးငါးရက်မျှအကြာ တစ်ခေါက်ပြန်လာပြီး 'မသိန်းရှင်ဆီ ပို့ပေးပါ' စာမူကို ပေးလာသည်။ ကျွန်တော်သည် သူ့စာမူကို တစ်ထိုင်တည်း ဖတ်ရှုပြီး သူ့ကို အားပါးတရ ချီးကျူးမိသည်။ နိုင်ဝင်းဆွေ၏ ကလောင်ကိုလည်း ကျွန်တော် စိတ်ချသွားသည်။ ယခင်ကမူ 'မဟူရာမေတ္တာ' ကို ကျွန်တော် ကြိုက်ခဲ့သော်လည်း နိုင်ဝင်းဆွေ၏ ကလောင်ကို စိတ်မချခဲ့သေးပေ။

သို့သော် 'ချွေးကလေးစိုစို' ရုပ်ရှင်ကားအတွက် နိုင်ဝင်းဆွေ၏ 'မသိန်းရှင်ဆီ ပို့ပေးပါ' ကို မသုံးဖြစ်ပါ။ မှောင်ခိုကုန်ကူးခြင်း၏ မကောင်းပုံကို ဦးတည်ချက်ချင်း သူနှင့် ကျွန်တော် တူညီကြသော်လည်း ရှုထောင့်ချင်း မတူကြပါ။

နိုင်ဝင်းဆွေသည် သူ့စာမူကို ရုပ်ရှင်အဖြစ် မရိုက်ဖြစ်သော်လည်း ဝမ်းမနည်း။ ပြောင်မြောက်သော ဝတ္ထုတစ်ပုဒ် ရေးချလိုက်နိုင်ပြီဖြစ်ကြောင်း

mgyoe.com

mgyoe.com


ကျွန်တော်တို့က ဝိုင်းဝန်းချီးကျူးလိုက်ကြသဖြင့် အားရဝမ်းသာနှင့် ပြန်သွားသည်။

မကြာပါချေ။ သူသည် မီးရထားဘက်မှထွက်ကာ စာပေဘက် ခြေစုံပစ်၍ ဝင်တော့မည်ဟု ရန်ကုန်မှာ လာနေသည်။

ချွေးကလေးစိုစို ဇာတ်ညွှန်းရေးသောအခါ သူသည် ကျွန်တော့် အနီးရှိရုံမက ကျွန်တော် လက်ညောင်းလျှင် နှုတ်ကပြောပြသည်ကို သူက လိုက်၍ပင် ရေးပေးသည်။ မီးရထားနှင့် ပတ်သက်၍လည်း သူ့ဆီက အတော်အတန်ရရှိသဖြင့် 'ချွေးကလေးစိုစို ရုပ်ရှင်ကား ခေါင်းစီးစာတန်း' တွင် နိုင်ဝင်းဆွေ၏ နာမည်ကို ပူးတွဲဝတ္ထုရေးသူအဖြစ် ဖော်ပြပေးမည်ဟု ကျွန်တော်က ပြောရာ သူ လက်မခံချေ။

"ဦးလေးဘာသာ ဦးလေး အစကတည်းက ဇာတ်လမ်းချထားတဲ့ ဥစ္စာပဲ။ လက်မှတ်စစ်နဲ့ မှောင်ခိုသမကလေးချင်း တူပေမဲ့... ဒီပြင်ဟာတွေ တူမှ မတူဘဲ၊ ပြီးတော့ ကျွန်တော့် ဝတ္ထုမဟုတ်ဘဲနဲ့ အချောင် နာမည်မယူချင်ပါဘူး" ဟု ပြန်ပြောသည်။

'မသိန်းရှင်ဆီ ပို့ပေးပါ' ဝတ္ထုသည် ချွေးကလေးစိုစို ရုပ်ရှင်ကား စမထွက်မီကပင် ရှုမဝမဂ္ဂဇင်း၌ ပါခဲ့သည်။

ယခု ၁၉၇၁ ခုနှစ်တွင် 'မသိန်းရှင်ဆီပို့ပေးပါ' ကို လုံးချင်းဝတ္ထုအဖြစ် ထုတ်ဝေရာ၌ နိုင်ဝင်းဆွေသည် အစအဆုံး အကုန်လုံး ပြန်ရေးထားသည်ကို ဖတ်ရှုနေရသည်။

နိုင်ဝင်းဆွေသည် ရှုမဝမဂ္ဂဇင်းပါ 'မသိန်းရှင်ဆီ ပို့ပေးပါ' ဝတ္ထု၏ ဦးတည်ချက်ကိုလည်း မပြောင်း။ ဇာတ်လမ်းကိုလည်း မပြင်။ ယခင်အတိုင်းပင်ဖြစ်ပါ၏။ သို့သော် ယခု ပြန်လည်ရေးသားရာ၌ စိတ်ကူးသစ်များပေါ်တိုင်း ချဲ့ထွင်ထားသည်ကို တွေ့ရှိရသည်။ ဝတ္ထုရေးခြင်း အတတ်ပညာကိုလည်း နိုင်ဝင်းဆွေသည် ပိုမိုတတ်ကျွမ်းလာသည်ဟု ကျွန်တော်ထင်သည်။

ကျွန်တော်တို့သည် အချောနှင့်အလှကို ခွဲခြားကြ၏။ အကြိုက်နှင့် အချစ်ကိုလည်း ခွဲခြားကြ၏။

ခွဲခြားသည်က တစ်ကဏ္ဍ။

mgyoe.com

mgyoe.com

အလှကိုမှ ချစ်ပါသည်ဆိုသူများသည် အချောကျတော့လည်း ကြိုက်တတ်ကြသည်ချည်းသာ။

ကျွန်တော်လည်း သည်ပုတ်ထဲက သည်ပဲပင်ဖြစ်သဖြင့် ယခု မသိန်းရှင် ချောလာသည်ကို ကြိုက်ပါသည်။ ကြိုက်ပါသည်။

သို့သော်...

ယခု မသိန်းရှင်ကို ဘယ်လောက်ပင် ကြိုက်ကြိုက်၊ ဟိုတုန်းက ဖိုသီဖတ်သီဖြင့် ထဘီမနိုင် ပဝါမနိုင်ရှာသည့် ကောင်မကလေး မသိန်းရှင်ကိုတော့ မေ့၍မရပါ။

*၂၆–၅–၇၁*
*မောင်ကျော် (ရှမ၀)*

❐

mgyoe.com

mgyoe.com

# နိုင်ဝင်းဆွေရဲ့ ဗိသနိုးပုံပြင်

အညတရ

**[ မိုးဝေမဂ္ဂဇင်း အမှတ် ၃၄၊ ဒီဇင်ဘာ၊ ၁၉၇၀ ပြည့်၊ စာပေ ယဉ်ကျေးမှုနှင့် ပြည်သူ့အမြင်ခန်းမှ ]**

နာမည်အမှန်က 'မဟူရာမေတ္တာ' ပါ။ ဒါပေမဲ့ တောင်တွင်းကြီး တစ်ဝိုက်ကတော့ ဗိသနိုးပုံပြင်လို့ ခေါ်ကြလိမ့်မယ် ထင်ပါတယ်။ ဒါကို နောက်တော့ရှင်းပါမယ်။

နိုင်ဝင်းဆွေဟာ မဟူရာမေတ္တာဆိုတဲ့ ဝတ္ထုနဲ့ စာပေလောကထဲ ရောက်လာတယ်လို့ ဆိုကြပါတယ်။ ဒီဝတ္ထုကို ပထမရှုမဝမှာ အခန်းဆက်ထည့်ပါတယ်။ ဒီတုန်းက မြည်းရုံပဲ မြည်းကြည့်ခဲ့မိပါတယ်။ ဖတ်ဖို့ မစွဲလမ်းတာကတစ်ကြောင်း၊ ဒါကလည်း မဂ္ဂဇင်းအခန်းဆက် ဝတ္ထုရှည်ဆိုလျှင် သည်းခံပြီး ဖတ်ချင်စိတ်မရှိတဲ့ နဂိုစိတ်ခံကြောင့်လည်း ဖြစ်နိုင်တာတစ်ကြောင်းတို့ကြောင့် အစအဆုံး မဖတ်ဖြစ်ခဲ့ပါဘူး။ ဒီလိုပဲ နိုင်ဝင်းဆွေရဲ့ တခြားဝတ္ထုတွေကို ဖတ်လာခဲ့ရာမှာလည်း တယ်ပြီး ဘဝင်မခိုက်ခဲ့ဘူး။

ဒါပေမဲ့ 'မသိန်းရှင်ဆီပို့ပေးပါ' ဆိုတဲ့ ဝတ္ထုလည်း ဖတ်ရရော နိုင်ဝင်းဆွေကို အံ့သြရတော့တာပဲ။

အဲဒါကတစ်ကြောင်း၊ ခု 'မဟူရာမေတ္တာ'လည်း ထွက်လာရော လေးစားလောက်တဲ့ ပုဂ္ဂိုလ်ကြီးများက ချီးကျူးထောက်ခံထားတယ်ဆိုတော့ ဘာပဲဖြစ်ဖြစ် ဒီစာအုပ်ကို မဖတ်မနေရ သတ်မှတ်ထားတဲ့ စာအုပ်စာရင်းထဲ ထည့်လိုက်ရတယ်။

mgyoe.com

mgyoe.com

ဒီလိုနဲ့ မသိန်းရှင်တို့၊ ဦးကျော်တို့၊ ဒဂုန်တာရာတို့၊ ဒေါ်ခင်မျိုးချစ်တို့ရဲ့ အရှိန်အဝါကြောင့် ဒီစာအုပ်ကို ဖတ်ပါတယ်။

ဇာတ်လမ်းဖွင့်စတော့ ဟိုတုန်းက ရွှေဒုံးဘီအောင်ရေးခဲ့တဲ့ ရှေးဟောင်းဝတ္ထုကြီးတွေကို သွားသတိရစေပါတယ်။ ဒီတော့ အမှန်ပဲ နည်းနည်းစိတ်ပျက်သွားတယ်။ ဒီမှာလည်း အကြောင်းက ရှိနေပါတယ်။ ဒါက ဘာလဲဆိုတော့ သမိုင်းနောက်ခံ၊ ဒါမှမဟုတ် ရှေးဟောင်းနောက်ခံ ဝတ္ထုတွေနဲ့ ပတ်သက်တဲ့ ကျွန်တော့်သဘောထားပါ။ သမိုင်းဖြစ်ရပ်တွေ၊ သမိုင်းမဝင်မီခေတ်ဟောင်းဖြစ်ရပ်တွေစတဲ့ ဘယ်လိုဖြစ်ရပ်မျိုးပဲဖြစ်ဖြစ် လူကို အကြောင်းပြု ဖြစ်ပေါ်လာတဲ့ ဖြစ်ရပ်မှန်သမျှဟာ သိပ္ပံနည်းကျပြောင်းလဲဖြစ်ပေါ်တိုးတက်လာတာချည်းပဲလို့ သဘောရပါတယ်။ စေတလုံးပိုင်ရှင်တွေက ဖန်တီးတာမဟုတ်ပါဘူး။ ဒါကို အလွန်အကျွံ စိတ်ကူးယဉ်သမားတွေနဲ့ အထက်ဆုံးလူရဲ့ မျက်နှာကွက်ကွက်ကလေးကိုသာ ကြည့်တတ်တဲ့ လူတွေကြောင့် သမိုင်းဖြစ်ရပ်တွေဟာ ပုံပြင်တွေ၊ ပုံပြင်မှ ရိုးရိုးပုံပြင်မဟုတ်ဘူး နတ်သမီးပုံပြင်တွေ ဖြစ်လာတဲ့အထိ ကမောက်ကမဖြစ်လာတယ်။ ဒါကြောင့် ကနေ့ခေတ်မှာ သမိုင်းကိုသုံးသပ်တဲ့အခါ တစ်နည်း သမိုင်းရေးကြမယ်ဆိုရင် အလားတူပဲ သမိုင်းကို နောက်ခံပြုတဲ့ ဝတ္ထုပဲဖြစ်ဖြစ်၊ ရှေးဟောင်းဝတ္ထုမျိုးပဲဖြစ်ဖြစ် ရေးကြမယ်ဆိုရင် သိပ္ပံနည်းကျဖို့ အထူးဂရုပြုစေချင်တဲ့ သဘောပါ။

နိုင်ဝင်းဆွေရဲ့ ဝတ္ထုကို ဖတ်ရတဲ့အခါ တစ်ကြိမ် တောင်တွင်းကြီးနယ်ဘက် ရောက်စဉ်က ကြားရတဲ့ ပန်ထွာမင်းသမီးပုံပြင်ကို သတိရလာပါတယ်။ အဲဒီပုံပြင်ထဲမှာ ဒွတ္တဘောင်၊ ရန်ပယ်ချောင်း၊ မင်းသမီးရဲ့ စည်ကြီး၊ နောက်ပြီး ခု နိုင်ဝင်းဆွေရဲ့ ဝတ္ထုထဲက ဘုန်းကြီးတစ်ပါးစတဲ့ ဇာတ်ကောင်တွေ ပါကြပါတယ်။ သရေခေတ္တရာက ဒွတ္တဘောင်ဟာ ဗိဿနိုးက ပန်ထွာမင်းသမီးကို ကြိုက်ပါသတဲ့။ ပန်ထွာကတော့ မကြိုက်ပါဘူး။ ဒွတ္တဘောင်ဟာ ပန်ထွာမင်းသမီးကို စစ်ချီတက် သိမ်းယူနိုင်ဖို့ ကြိုးစားတယ်။ ဒါပေမဲ့ ဒွတ္တဘောင်ဟာ ဗိဿနိုးချီတက်လာတိုင်း မင်းသမီးက နန်းဦးမှာရှိတဲ့ စည်ကြီးကို တီးလိုက်တာနဲ့ ရန်ပယ်ချောင်းက ရေလုံးတွေကျလာတာနဲ့

mgyoe.com

ဒွတ္တဘောင်ဟာ ဗိဿနိုးကို မသိမ်းနိုင်ဘဲ ဖြစ်ရတယ်။ နောက်ဆုံးကတော့ မင်းသမီးဟာ ရဟန်းသူမြတ်များကို အလွန်ကြည်ညိုကြောင်း သိရတဲ့အတွက် ဒွတ္တဘောင်ဟာ ရဟန်းတုတစ်ပါးကိုလွှတ်ပြီး မင်းသမီးရဲ့ ရန်ပယ်စည်ကြီးကို ခွေးသားရေတစ်ဖက်၊ ဆိတ်သားရေတစ်ဖက် ပြောင်းလဲတပ်စေသတဲ့။ အဲဒီနောက်မှာ မင်းသမီးဟာ ရဟန်းကိုကြည်ညိုလို့ ရဟန်းရဲ့ ဩဝါဒအတိုင်း စည်ကြီးကို ပြင်လိုက်မိတယ်။ ဒီနည်းနဲ့ ဒွတ္တဘောင်ဟာ ပန်ထွာမင်းသမီးကို သိမ်းပိုက်တယ်၊ ဘာညာနဲ့ ပုံပြင်ဟာ နားထောင်ကောင်းတဲ့ ပုံပြင်ပါ။ ပုံပြင်ကို ယုတ္တိရှိအောင် အထောက်အကူပြုနေတဲ့ အထောက်အထားတွေ ရှိပါတယ်။ အဲဒီတုန်းက ရဟန်းတုနေသွားတဲ့ ကျောင်းဆိုပြီး အုတ်တိုက်ကလေး၊ မြို့အနောက်ဘက်မှာ ပန်ထွာမင်းသမီး ကျိန်စာတိုက်ပြီး စိုက်ခဲ့တဲ့ ပေပင်ကလေးတွေတဲ့။ အဲဒါဆို ပန်ထွာမင်းသမီး စိုက်ခဲ့တာ ခုအထိ တစ်ထွာတစ်မိုက်ထက် ပိုမကြီးဘူးတဲ့။ အရိမေတ္တယျဘုရားပွဲမှ တစ်ပြိုင်နက်ကြီးထွားလာမှာတဲ့။ ပြီးတော့ အဲဒီပတ်ဝန်းကျင်တစ်လျှောက်က ရွာတွေဆိုလည်း ဒီဇာတ်လမ်းနဲ့ ဆက်စပ်နေတဲ့သဘော ကြားသိရပါတယ်။ ဥပမာ ဆင်မကျပ် ဆိုတဲ့ရွာ။ ဒီရွာဆို ဒွတ္တဘောင်ဟာ ပန်ထွာမင်းသမီးကို ဆင်နဲ့တင်ခေါ်သွားတော့ မင်းသမီးရဲ့ ဆင်မဟာ သခင်မဖြစ်သူ မင်းသမီးအတွက် ရင်ကျပ်ပြီး ရင်ကွဲနာကျသေတဲ့နေရာကို အကြောင်းပြု ခေါ်ထားတာတဲ့။ အများကြီးပါပဲ။ စိတ်လှုပ်ရှားစရာကောင်းတဲ့ ပုံပြင်တစ်ခုပါပဲ။

နိုင်ဝင်းဆွေရဲ့ ဝတ္ထုဟာ အဲဒီပုံပြင်ကို အခြေခံထားပြီး ရေးထားတာလို့ သဘောပေါက်ရပါတယ်။ ဒါကြောင့် သူ့ဝတ္ထုကို ဗိဿနိုးပုံပြင်လို့ ခေါ်ခဲ့ရခြင်း ဖြစ်ပါတယ်။ နိုင်ဝင်းဆွေလည်း ဒီပုံပြင်ကို ကြားဖူးမှာပါပဲ။ ဒါပေမဲ့ နိုင်ဝင်းဆွေ ကြားဖူးတဲ့ ပုံပြင်ထဲမှာ ဝတ္ထုထဲကလို သျှိဝမြို့စား 'သူသ' နဲ့ 'သူရ' ညီအစ်ကိုတို့၊ ငမင်မြို့စားတို့ ပါ မပါ မသိပါဘူး။ နိုင်ဝင်းဆွေ ဝတ္ထုကတော့ ကျွန်တော်ကြားဖူးတဲ့ ဗိဿနိုးပုံပြင်ထက် ဇာတ်အင်အား ပိုတောင့်ပါတယ်။ ဒါကြောင့် ဝတ္ထုဟာ ပိုပြီး မြိုင်ဆိုင်လာပါတယ်။ မူလက ကြားဖူးထားတဲ့ ပန်ထွာမင်းသမီးကို ဝတ္ထုထဲမှာ ပန်ထွာဘုရင်မအဖြစ် တွေ့ရတာဟာ ပိုပြီးစွဲမက်စရာကောင်းတာ အမှန်ပါပဲ။ ဒီဝတ္ထုဟာ ကျွန်တော်ပြောခဲ့

mgyue.com

 mgyoe.com


သလို ပန်ထွာမင်းသမီးနဲ့ ဗိသုကာ ပုံပြင်ကို အခြေခံထားတာဖြစ်ပေမဲ့ ဝတ္ထု ရေးဆရာက သူ့ကို အဓိကထားပြီး ရေးဖွဲ့ပါတယ်။ ဒါကြောင့် မဟူရာမေတ္တာ ဟာ သျှိုဝမြို့စားကလေး 'သူသ' က ပြန်ပြောတဲ့ သူနဲ့ ပန်ထွာဘုရင်မတို့ရဲ့ ဇာတ်လမ်း ဖြစ်ပါတယ်။

သူ့ဝတ္ထုကိုဖတ်ရတာဟာ တစ်ခါတစ်ခါ ပြင်သစ်စာရေးဆရာ အလက်ဇန္ဒားဒူးမား' ရဲ့ 'အားသိုး' တို့၊ 'ပေါ်သိုး' တို့ 'ဒါးတည်' စတဲ့ သူရဲကောင်းတွေရဲ့ စွန့်စားခန်း ဝတ္ထုတွေကို ဖတ်ရသလို တစ်ခါတစ်ခါ 'ဆာဝေါ်လတာစကော့'ရဲ့ သမိုင်းနောက်ခံဝတ္ထုတွေကို ဖတ်ရသလို၊ တစ်ခါ တစ်ခါ 'ဆာရိုက်ဒါဟက်ဂတ်' ရဲ့ 'မုဆိုးကြီးအလန်ကွာတာမိန်း' ဝတ္ထု ဖတ်ရသလို ခံစားရပါတယ်။ နက်ရှိုင်းလျို့ဝှက်တဲ့ အချစ်ရေး၊ ကြမ်းတမ်း ပြင်းထန်တဲ့ စစ်ရေး၊ လူစွမ်းကောင်းဆန်ဆန် အပြုအမူတွေနဲ့ ရက်ရှယ် ဖွဲ့ စည်းထားတဲ့ ဝတ္ထုတစ်ပုဒ်ပါပဲ။ အရေးအသား နုညက်သိမ်မွေ့တာဟာ သူ့ဝတ္ထုရဲ့ အင်အားတစ်ခုလို့ သဘောရပါတယ်။ လူ့သဘာဝ အဖွဲ့နဲ့ ပတ်သက်လို့ ကြိုးပမ်းထားတာတော့ အမှန်ပါပဲ။ ဒါပေမဲ့ ကျွန်တော်တော့ တယ်ပြီး အားမရပါဘူး။ တချို့ကတော့ သဘောကျပါတယ်။ ကျွန်တော် အနေမှာတော့ သူဖော်ပြပုံမှာ မှိန်သွားလိုက်၊ လင်းလာလိုက်နဲ့ အဓိက ဇာတ်ဆောင်ဖြစ်တဲ့ 'သူသ' ဆို ကျွန်တော် နားလည်သဘောပေါက်လို့ မရတာက သူဟာ နိုင်ငံတော် အဓိကသမားလား၊ ပန်ထွာ အဓိကသမားလား ဝေခွဲလို့ မရပါဘူး။ ပန်ထွာမင်းသမီးကို ဖွဲ့ထားတာကလည်း ကြည်ကြည် လင်လင် မရှိလှပါဘူး။ ဆိုပါတော့၊ သရေခေတ္တရာက ရဟန်းကို အယုံလွယ် တဲ့ ကိစ္စမျိုး။ ကျွန်တော်ကြားဖူးတဲ့ ပုံပြင်မှာ ပန်ထွာအဖို့ အားကိုးစရာမရှိ၊ ရဟန်းသူမြတ်ကို ကြည်ညိုရင်း စိတ်ကလည်းရှိနေလို့ ရဟန်းတုရဲ့ စည်ကြီး သားရေလဲတပ်တာကို အလွယ်တကူ လက်ခံလိုက်တာ သဘောတူနိုင်စရာ ဖြစ်ပေမဲ့ ဒီဝတ္ထုမှာ ပန်ထွာဟာ သူ အားကိုးရတဲ့ ဦးရီးတော် ရသေ့တို့၊ သျှိုဝမြို့စားတို့ စကားကိုပယ်ပြီး ရဟန်းတုစကားကို ယုံလွယ်လွန်းတာဟာ ပန်ထွာရဲ့သရုပ် တိမ်းစောင်းစေတယ်လို့ သဘောရပါတယ်။ ဒီဝတ္ထုထဲမှာ သျှိုဝမြို့စားနဲ့ ငမင်းမြို့စား ဆက်ဆံရေးအပိုင်းကို ဖော်ပြတာဟာ စွဲငြိစရာ

mgyoe.com

mgyoe.com


အကောင်းဆုံးဖြစ်တယ်လို့ ခံစားရပါတယ်။ နောက်ဆုံးစစ်ပွဲဖြစ်တဲ့ တောင်ရိုး တိုက်ပွဲအဖွဲ့နဲ့ အဲဒီစစ်ပွဲက ဇာတ်ဆောင်တွေရဲ့ လှုပ်ရှားမှုဟာလည်း နှစ်သက်စရာကောင်းပါတယ်။

ဒါပေမဲ့ ဒီဝတ္ထုဟာ ကျွန်တော်တို့ မျှော်လင့်ထားသလို သိပ္ပံနည်းကျ သမိုင်းအမြင်နဲ့ ရေးတာ မဟုတ်တဲ့အတွက် 'မသိန်းရှင်ရဲ့ နိုင်ဝင်းဆွေ' ကို နှမြောမိရပါတယ်။

အထူးသဖြင့် နိုင်ငံအကြီးအကဲတွေရဲ့ ဖြစ်ရပ်တွေနဲ့ နိုင်ငံအရေးအခင်း တွေကို ဇာတ်အိမ်ဖွဲ့ရေးရာမှာ ပြည်သူတွေရဲ့အခန်း လုံးဝပျောက်ကွယ်နေ တာဟာလည်း ဒီဝတ္ထု အဓိပ္ပာယ်ကင်းမဲ့စေတယ်လို့ သဘောရပါတယ်။ အပျင်းပြေဖတ် ဝတ္ထုသက်သက်အဆင့်ကို ရောက်သွားစေတယ်လို့လည်း ထင်ပါတယ်။

ဝတ္ထုဇာတ်လမ်းနဲ့ ပတ်သက်လို့ တချို့က ဘာသာပြန် သို့မဟုတ် အမှီးဖြစ်ရမယ်လို့ ထင်မြင်ကြတာ ရှိပါတယ်။ မိတ်ဆွေတစ်ယောက်ကဆို ရွှေဥဒေါင်းရဲ့ ရန်အောင်မင်္ဂလာနဲ့ တူနေတယ်လို့တောင် ဆိုပါတယ်။ ကျွန်တော်က ဒီဝတ္ထုကို အမှီးဝတ္ထုလို့ မထင်ပါဘူး။ ပုံပြင်ဝတ္ထုလို့သာ ထင် ပါတယ်။ ဗိသုကာနိုးပုံပြင်ပါ။

နိုင်ဝင်းဆွေကိုတော့ တစ်ခုပြောချင်ပါတယ်။ ပန်ထွာမင်းသမီးအနား က ခွာပြီး 'မသိန်းရှင်' တို့ဆီ သွားပါလို့။

အညတရ

❒

mgyoe.com

mgyoe.com

## နိုင်ဝင်းဆွေ၏"နွေတစ်ည"

အောင်လှိုင်ထွန်း ဝေဖန်သည်။

[မိုးဝေမဂ္ဂဇင်း အမှတ် ၃၈၊ မတ်၊ ၁၉၇၁ ၊ စာပေယဉ်ကျေးမှု နှင့် ပြည်သူ့အမြင်ခန်းမှ]

နိုင်ဝင်းဆွေရဲ့ 'နွေတစ်ည' ဟာ ရှုမဝမဂ္ဂဇင်းမှာ သုံးလတိုင် ဖော်ပြခြင်းခံခဲ့ရတဲ့ ဝတ္ထုရှည်တစ်ပုဒ် ဖြစ်ပါတယ်။ ဒီဝတ္ထုကို 'ကြည်အေး' က "နိုင်ဝင်းဆွေရဲ့ 'နွေတစ်ည'ကို ကျွန်မ မချီးကျူးသေးဘူး။ ဘာပြုလို့လဲဆိုတော့ နိုင်ဝင်းဆွေရဲ့ ပင်ကိုရေးလို့ မယုံနိုင်သေးလို့ပါပဲ" လို့ ပြောခဲ့ပါတယ်။ "ကျွန်တော်က ဒီဝတ္ထုကို ပင်ကိုရေးလို့ပဲ ယုံကြည်ပါတယ်။ ဘာလို့လဲဆိုရင် ဒီလိုဇာတ်လမ်းဖွဲ့ပြီး ရေးပုံမျိုးက မြန်မာပြည်မှာ ရှိလေ့ရှိလို့ပါပဲ"

ဒီဝတ္ထုဟာ 'နွေတစ်ညမှာ' ကွဲကွာသူမယားကို ပြန်ဆုံတွေ့ရာက အတိတ်ကို ရေပြန်နှုးခြင်းအကြောင်းကို ရေးတာပါပဲ။ ဇာတ်လမ်းအစနဲ့ အဆုံးမှာ ပြန်သိမ်းထားပါတယ်။ တစ်နည်းအားဖြင့်တော့ ဇာတ်လမ်းအဆုံးနဲ့ အစမှာ ဖွင့်ထားတာပါပဲ။ ဒါကိုကြည့်ရင်ပဲ ဒီဇာတ်လမ်းဟာ ဇာတ်ကြောင်းပြန်မှန်း သိသာပါတယ်။ တစ်လျှောက်လုံးလည်း ကိုကိုရဲ့ စဉ်းစားခန်းတွေ ပြွတ်သိပ်နေပါတယ်။ ဒါကြောင့်လည်း တချို့နေရာတွေမှာ ပေါ်လွင်သင့်သလောက် မပေါ်လွင်ဖြစ်ရတာပါပဲ။

ဘာပဲဖြစ်ဖြစ် ဒီဝတ္ထုဟာ ခင်ဝေနဲ့ ကိုကိုရဲ့ ဇာတ်လမ်းပါ။ ဇာတ်ဆောင်နှစ်ဦးစလုံး အရွယ်ငယ်ငယ်လေးတွေပါ။ အရွယ်ငယ်ငယ်လေးတွေရဲ့ ခုမြင်၊ ခုကြိုက်၊ ခုလိုက်၊ ခုကွဲ သဘောမျိုးတွေကို သူတို့မှာ တွေ့ရပါတယ်။

mgyoe.com

mgyoe.com


အချစ်ကြီးလို့ အမျက်ကြီးတဲ့ သဘောတွေ တွေ့နေရပါတယ်။

ဒီဇာတ်ဆောင် နှစ်ဦးအနက်က ခင်ဝေကို နိုင်ဝင်းဆွေဟာ နိုင်နင်းစွာ ဖွဲ့နိုင်ခဲ့တယ်ဆိုတာကို ရှုမဝဦးကျော်က ချီးမွမ်းခဲ့ရပါတယ်။ ဟုတ်ပါတယ်။ ခင်ဝေဟာ ကျွန်တော်တို့ရဲ့ အသည်းဆိုင်မှာ စွဲပိုင်ရတာ ဖြစ်ပါတယ်။ ခင်ဝေဟာ အကျင့်စာရိတ္တအားဖြင့် နောက်ပိုင်းမှာ ပျက်ခဲ့ပါတယ်။ ဒါပေမဲ့ ခင်ဝေက ကိုကို့ကို ချစ်ပုံ၊ ယုယပုံ၊ စကားကြည်သာ ပြောတတ်ပုံတွေကတော့ မမေ့နိုင်စရာပါပဲ။ သူရဲ့ ကလေးဆန်တဲ့ စိတ်ဟာလည်း ငြိတွယ်စရာပါပဲ။

ခင်ဝေရဲ့ စရိုက်ကို နိုင်ဝင်းဆွေဟာ 'ဝေသည် ဤအလုပ်သမား တန်းလျားများ၏ ပျံကျ တန်းလျားကလေးတစ်ခုမှ၊ သူ့ အခြေခံ အခြေအနေ အပေါင်းသည် ထိုနေရာမှ၊ သူ့စိတ်ဓာတ် နှလုံးသားအသိပညာ အခြေခံသည် ထိုနေရာမှ' လို့ ပျိုးခဲ့တဲ့အတိုင်း အဲဒီနယ်နိမိတ်အတွင်းမှာ ခြယ်မှုန်းခဲ့တာ ဖြစ်ပါတယ်။ ခင်ဝေဟာ စရိုက်မှန် ဇာတ်ဆောင်တစ်ယောက်ပါပဲ။

ခင်ဝေရဲ့စရိုက် ပေါ်လွင်အောင် အထူးပြုတာကတော့ နိုင်ဝင်းဆွေက 'ကျွန်တော်' လို့ ရေးတဲ့ ကိုကိုပဲ ဖြစ်ပါတယ်။ ကိုကိုဟာ သဘောထားနုတဲ့ ယောကျ်ားပါ။ ရှက်လည်း အရှက်ကြီးတတ်ပါတယ်။ ခွင့်လွှတ်တတ်တဲ့ စိတ်လည်း မရှိပါဘူး။ ဒါပေမဲ့ ခင်ဝေကိုတော့ အတိုင်းမဲ့ ချစ်ခဲ့ဟန်ပါပဲ။

ပြီးတော့ ကိုကိုဟာ ဘဝဒဏ်ကို မခံစွမ်းသူ၊ လူ့ပေါ်ကြော့ပါ။ ခင်ဝေကတော့ တောအုပ်ကလေးကတော် ဖြစ်ပေမဲ့ လူတန်းစား အခြေခံမှန်တော့ ဘဝသစ်ကို ကြံ့ကြံ့ခံနိုင်ခဲ့ပါတယ်။ ကိုကို့ကို စိတ်ဆိုးပြီး အိမ်ပေါ်က ဆင်းလာတော့လည်း သူဟာ အလုပ်ကြမ်းပြန်လုပ်ရတာကို ဝန်မလေးခဲ့ပါဘူး။ ဟောမန်မှာ အကြော်ရောင်းပြီး ဘဝကိုလည်း ရဲရဲရင်ဆိုင်ခဲ့ပါတယ်။ ချစ်စရာကောင်းတဲ့ ခင်ဝေပါပဲ။ ဒါကြောင့်လည်း ကိုကိုနဲ့ ခင်ဝေဟာ ဆန့်ကျင်ဘက် နှစ်ခု ဖြစ်ခဲ့ရတာပါ။ အဲဒီဆန့်ကျင်ဘက် နှစ်ခုကို ပေါင်းစည်းပေးခြင်းကပဲ ပဋိပက္ခဖြစ်စေပြီး ဒီဇာတ်လမ်းကို မွေးထုတ်ပေးခဲ့တာပါ။

ကိုကိုရဲ့ သဘောထားနုမှု၊ အရှက်ကြီးမှု၊ ခွင့်လွှတ်ခြင်းမဲ့မှုတွေနဲ့ ခင်ဝေရဲ့ ပွင့်လင်းတဲ့၊ ဟန်ဆောင်ခြင်းမဲ့တဲ့၊ ရိုးသားတဲ့၊ သံယောဇဉ်ကြီးတဲ့ စိတ်ဟာ မဟပ်ဘဲဖြစ်ခဲ့ရပါတယ်။ ဒါနဲ့အတူ နိုင်ဝင်းဆွေဟာ ခင်ဝေနဲ့

mgyoe.com

mgyoe.com

ကိုကိုရဲ့ လူတန်းစားပဋိပက္ခကို ဖော်ကျူးပါတယ်။ ပုဂ္ဂလိက လူတန်းစား ပဋိပက္ခပါ။

ခင်ဝေ့အကြောင်းကို ပြန်ကောက်ကြပါမယ်။ ခင်ဝေဟာ ကိုကို့ကို ခွဲခွာရတဲ့အထိ စွဲလမ်းချစ်ကြည်မြဲ ဖြစ်ပါတယ်။ ခင်ဝေဟာ သူတို့ရဲ့ ကွဲကွာတာကို မှောင်ခိုလုပ်လို့လို့ ထင်ပါတယ်။ ဒါကြောင့်လည်း ကိုကိုနဲ့ ခွဲခွာခဲ့ရပြီးနောက်မှာ မှောင်ခိုအလုပ်ကို စွန့်လွှတ်လိုက်တာပါ။ မှောင်ခိုလုပ်ရင်း ကြီးပွားလာခဲ့တဲ့ ခင်ဝေဟာ သူ့ဘဝကို အဆင်းရဲအနွမ်းပါးခံပြီး စွန့်ပစ်တာကိုက ခင်ဝေရဲ့ မေတ္တာပမာဏပါ။ ပြီးတော့ သမီးလေးရဲ့ နာမည်ကလည်း ကိုကို့ကို စွဲလမ်းမှုမှာ အခြေခံနေတာ သိသာပါတယ်။

ဇာတ်လမ်းအရ ခင်ဝေဟာ ပြည့်တန်ဆာသာသာ မှောင်ခိုမယ်လေး ဖြစ်သွားပါတယ်။ ဒါဟာ ခေတ်အရ စနစ်အရ ဖြစ်တာပါ။ ဒါပေမဲ့ စာရေးသူဟာ ဒီနေရာမှာတော့ အားပျော့သွားပါတယ်။ ကိုကို့ကြောင့်လိုလို၊ ခင်ဝေ့မေမေကြောင့်လိုလို ဖြစ်သွားပါတယ်။ ခင်ဝေရဲ့ ပင်ကိုစရိုက်ကိုလည်း ထိပါးထားပါတယ်။

ခင်ဝေဟာ သူ့ကြောင့် ကိုကို အလုပ်ထိခိုက်ရတာလို့ စွဲမှတ်ခဲ့ပါတယ်။ ဒါကြောင့်လည်း ခင်ဝေဟာ သူချစ်တဲ့ ကိုကို့ကို ဟေမန်မှာ တုံ့ပြန်အနစ်နာခံခဲ့တာပါပဲ။ ဒါပေမဲ့ ကိုကိုဟာ ဟေမန်မှာ မပျော်ခဲ့ပါဘူး။ မြိုင်ကြီးကို ပြန်ခဲ့ပါတယ်။ ဒါဟာ ခင်ဝေပျက်ခြင်းရဲ့ အစပါပဲ။ ဒါကို ကိုကိုက ခင်ဝေ့အမေကြောင့်လို့ ထင်ခဲ့ပါတယ်။ ကိုကိုသာ ခွင့်မပြုခဲ့ရင်လို့ ကျွန်တော့်စိတ်က တွေးမိခဲ့ပါတယ်။

ခင်ဝေရဲ့ ဘဝကတော့ ရှင်းပါတယ်။ မှောင်ခိုမယ်တို့ရဲ့ ဘဝဖြစ်စဉ်အတိုင်းပါပဲ။ မူလက အခြေအနေအရ လုပ်ရတယ်။ နောက်တော့ လောဘစိတ်ကြောင့် လုပ်ခဲ့တယ်။ နောက်ဆုံးကျတော့ မရှောင်သာ တစ်ကွေ့မှာ ရှာဖွေရေးနဲ့ တွေ့ခဲ့ရတာ ဖြစ်ပါတယ်။

ခင်ဝေနဲ့ ကိုကို့ရဲ့ ဇာတ်သိမ်းမလှတာလည်း ဒါကြောင့်ပါပဲ။

ဒါပေမဲ့ ဒီဝတ္ထုကိုဖတ်ပြီး ကိုကို့ကိုပဲ စိတ်ခုမိပါတယ်။ နိုင်ဝင်းဆွေဟာ ကိုကို့ဘက်ကရပ်ပြီး ကိုကို့ရဲ့ ခံစားချက်ကို အဓိကထားပြီး ရေးခဲ့တာ

mgyoe.com

mgyee.com


ဖြစ်လေတော့ ခင်ဝေဟာ ဘယ်လိုခံစားပြီး နေမလဲဆိုတာ မြုပ်နေပါတယ်။ ဒါကိုက စာဖတ်သူကို ဆွဲဆောင်တာပါပဲ။ ခင်ဝေရဲ့ စကားပြောချက်တွေမှာ မြုပ်ကွက်ကို ရှာခဲ့ရပါတယ်။ တွေ့တယ်ဆိုတာနဲ့ ရင်ထဲမှာ ကိုကို့ကို မကျေမနပ် ဖြစ်ရပြန်တာပါပဲ။ ကိုကို့ရဲ့ သူငယ်ချင်း မိတ်ဆွေကြီးကလည်း ဒီလိုပဲ။ 'ကိုတော့ မောင်ရင့်ကို လာသတ်မိတော့မယ် ထင်တယ်' လို့ ပြောခဲ့တယ် မဟုတ်လား။ ကိုထွန်းကလည်း ကိုကို့ကြောင့်လို့ ပြောခဲ့ပါတယ်။

ဒီနေရာမှာ ခင်ဝေကို ကျွန်တော်တို့ ဘာ့ကြောင့် ကြိုက်သလဲဆိုတာ ပြောချင်ပါတယ်။ လောကရဲ့ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးစတဲ့ ပြဿနာစုံကို ငြင်းပယ်ပြီး စိတ်ကူးယဉ်မေတ္တာရေးကို အိပ်မက်မက်လိုသဖြင့် ကြိုက်တာလား။ မဟုတ်ပါ။ နိုင်ဝင်းဆွေရဲ့ ခင်ဝေလို မိန်းမမျိုးတွေ နေရာစုံမှာ သူတွေ့၊ ငါတွေ့ တွေ့ရတာမို့ပါပဲ။ ဒါကြောင့် ကြိုက်တာလို့ ထင်ပါတယ်။ အခြေအမြစ်မပါတဲ့ ပဒေသရာဇ်အလွှာက ဒေဝစ္ဆရာမျိုးကို ရေးမယ်ဆိုရင် စာဖတ်သူဖြစ်တဲ့ ကျွန်တော်တို့ရဲ့ တုံ့ပြန်ချက်ဟာ တစ်မျိုးဖြစ်မှာပါပဲ။

ဒီဝတ္ထုမှာ နိုင်ဝင်းဆွေဟာ ဇာတ်ဆောင်ကို အဓိကထားပြီး ဇာတ်လမ်းကို အရံအတားအဖြစ် ဖွဲ့ပါတယ်။ ဒါပေမဲ့ ခင်ဝေနဲ့ ကိုကိုကလွဲရင် ဒီဝတ္ထုမှာပါတဲ့ ဇာတ်ဆောင်တွေဟာ နိုင်ဝင်းဆွေရဲ့ လိုသလို ဆွဲသုံးခြင်းကို ခံနေရပါတယ်။ ခင်ဝေနဲ့ ကိုကိုအတွက် သက်သက်လှုပ်ရှားနေရပါတယ်။ မှိန်နေတယ်လို့ ပြောရမှာပါပဲ။

အဲဒီတော့ ခင်ဝေနဲ့ ကိုကိုဟာ နွေတစ်ညမှာ သီးခြားကမ္ဘာတစ်ခုကို တည်ဆောက်နေသလိုပါပဲ။ ပတ်ဝန်းကျင်အခြေအနေကလည်း မိမိရရ မထင်ဟပ်ပါဘူး။ ထားပါ။ ဒီကိစ္စကိုတော့ သက်သက်ထားလိုက်ပါ။

ဒါပေမဲ့ 'ဒီဝတ္ထုဇာတ်သိမ်းကို စွဲမက်စဖွယ် ရေးသားထားပါတယ်' လို့ ချီးကျူးရင် တရားမှာမဟုတ်ပါဘူး။ ဘာ့ကြောင့်လဲဆိုရင် နိုင်ဝင်းဆွေဟာ ဇာတ်သိမ်းသာမကဘဲ တစ်ဇာတ်လမ်းလုံးကို ကြိုးပမ်းထားလို့ပါပဲ။

အမှတ် ၃၄၊ ဒီဇင်ဘာ၊ ၁၉၇၀ ပြည့်နှစ်ထုတ် မိုးဝေမဂ္ဂဇင်းရဲ့ စာပေနဲ့ ပြည်သူ့အမြင်ခန်းမှာ 'အညတရ' က အောက်ပါအတိုင်း ရေးခဲ့ပါတယ်။

"နိုင်ဝင်းဆွေကိုတော့ တစ်ခုပြောချင်ပါတယ်။ ပန်ထွာမင်းသမီးအနား

mgyee.com

က ခွာပြီး မသိန်းရှင်တို့ဆီ သွားပါလို့" ပါပဲ။

သူရဲ့ မဟူရာမေတ္တာထက်စာရင် ဒီဝတ္ထုဟာ တက်လာတာပါပဲ။ ဒါပေမဲ့ ပုဂ္ဂလိကခံစားချက်များထက် ပြည်သူတွေရဲ့ ခံစားချက်ရိုက်ခတ်ရေးက ပိုအရေးကြီးကြောင်း တင်ပြချင်ပါတယ်။ နိဂုံးချုပ်အားဖြင့် ပြောရမယ်ဆိုရင်တော့ နိုင်ဝင်းဆွေရဲ့ နွေတစ်ညဝတ္ထုဟာ အလွန်ကောင်းသော မေတ္တာဘွဲ့ဝတ္ထုတစ်ပုဒ်ပါလို့ ပြောချင်ပါတယ်။ ဒါပေမဲ့ ဘယ်လိုမှ မထူးခြား မဆန်းသစ်လာသော နောင်တော်တို့ရဲ့ ရှေးရိုးအစဉ်အလာကို မတွန်းလှန်သော စာဖတ်သူကို နိုးကြားတက်ကြွမှုမဲ့စေကာ ထိုင်းမှိုင်းဆွေးမြည့်မှု သက်သက်ကိုသာပေးသော အလွန်ကောင်းသည့် မေတ္တာဘွဲ့ဝတ္ထုတစ်ပုဒ်လို့ ပြောမယ်ဆိုပါမှ ပိုမှန်မယ်လို့ ထင်ကြောင်းပါ ခင်ဗျား။

**အောင်လှိုင်ထွန်း**

mgyoe.com

mgyoe.com

# ၁

၁၉၆၄......

နှင်းထုကြီး ပိတ်ဆို့မှောင်ပိန်းနေသော နံနက်များ၌ ရထားကြီးသည် ဘူတာရုံရှေ့မှ ထွက်ခွာရန် ကြောက်ရွံ့ တုန်လှုပ်နေသည်။ မထွက်ခွာ၍လည်း မဖြစ်။ သူသည် မီးခိုးများကို မှုတ်ထုတ်လိုက်ပြီး တညည်းညည်း တညူညူ ဖြင့် ထွက်ခွာရတော့သည်။ ရှေ့နား ကွက်ကွက်ကလေးသာမြင်ရသည့် မီးမောင်းကိုဖွင့်လိုက်သည်။ ဖြတ်သန်းမှုအရှိန်ရလာလျှင် သူ့သွေးများသည် လည်း ဆူပွက်လာကာ သူသည် တစ်စတစ်စ အကြောက်ပြယ်လာနေသည်။ တောင်တွင်းကြီးဘူတာရုံ ပလက်ဖောင်းမီးရောင်များကို လွန်လာခဲ့လျှင် သူသည် သူ့ကိုယ်သူ အားပေးသည့် ဥသြသံရှည်တစ်ချက်ကို ညစ်ထုတ် အော်ဟစ်လိုက်သည်။

ချက်ချင်း သူ့ဥသြသံကို ပတ်ဝန်းကျင်မှလာသော ဩဘာကောင်းချီး သံများဟု ကယောင်ကတမ်းဖြင့်တွေးကာ သူသည် အမှားမှားအယွင်းယွင်း အားတက်လာသည်။ ပို၍ မှောင်ပိန်းနေသော အမှောင်ထုကြီးအတွင်းသို့ သွေးရူးသွေးတန်းဖြင့် ခွဲဖြတ်ဝင်ရောက်နေသည်။

ကျွန်တော်သည် ဤရထားကြီး၏ စက်ကိရိယာအစိတ်အပိုင်း တစ်ခု လိုပင် တွဲတစ်တွဲ၏ထောင့်ဘက် အမှောင်ရိပ်ထဲမှ လိုက်ပါနေရသည်။ ကျွန်တော်သည် ပီပီပြင်ပြင်မမြင်ရသည့် တောင်တွင်းကြီးမြို့ကို အမှတ်မထင် ကြည့်လာခဲ့သည်။

mgyoe.com

ဘူတာရုံမှ မီးရောင်များသည် နောက်သို့ဆုတ်ပြေးကာ သေးငယ်နေရစ်ခဲ့သည်။ မြို့ဘက်မှ လမ်းဓာတ်မီးတိုင်အရောင်များသည် ရထားကြီးပေါ်သို့ ဖျတ်ခနဲ လာထိနေကြလျက်၊ မြို့ကြီးမှာ ငြိမ်သက်နေလျက်၊ ရခိုင်ဘုရားပျက်ကြီး၏ ထုထည်သည် အမှောင်ရိပ်ထဲမှ အမှောင်မည်းကြီးတစ်ခုအဖြစ်ဖြင့် အမြင့်မှာ ဖြတ်သန်းနေခဲ့လျက်၊ ရထားကြီးသည် ကွေ့အရှည်ကြီး၌ ဖြည်းဖြည်းရွေ့ရွေ့ ကွေ့လိုက်၏။ သဖန်းကုန်းရွာကလေးဘက်မှ ရေနံဆီမီးခွက် မီးရောင်မှိန်မှိန်များသည် တဖျတ်ဖျတ်လာရောက်ရိုက်ခတ်နေပြန်သည်။ အမှောင်ထုကြီးအတွင်း၌ အလင်းရောင်ငယ်များသည် ပြောပဖွယ်မရှိ။

ဤအလင်းအမှောင်၊ အမှောင်အလင်းတို့သည် ရထားကြီးပေါ်၌သာ ဖြတ်သန်းနေသည်မဟုတ်၊ ရထားကြီးပေါ်တွင် ပါလာသမျှ သက်ရှိသက်မဲ့ အပေါင်းအပေါ်၌သာ ကျရောက်နေသည်မဟုတ်၊ ကျွန်တော့်ခန္ဓာကိုယ်ပေါ်၌သာ ကျရောက်နေသည်မဟုတ်၊ ကျွန်တော့်နှလုံးသားပေါ်တွင်လည်း ကျရောက်နေကြ၏။

ရထားကြီးကား ဘာမျှ ခံစားရမည်မဟုတ်။ သူသည် စက်ကိရိယာဖြစ်၏။ အေးခြင်းပူခြင်းကို မသိ၊ အမှောင်နှင့်အလင်းကို မသိ၊ ဦးနှောက်မရှိ၊ အသက်မရှိ၊ ခံစားမှုမရှိ၊ နှလုံးသားမရှိ၊ ရည်ရွယ်ချက်မရှိ။

ကျွန်တော်လည်း စက်ကိရိယာတစ်ခုပေပဲလားဟု ကျွန်တော်သည် အသံမထွက်သော မေးခွန်းကို မေးနေမိပြန်သည်။ ကျွန်တော့်နှလုံးသားများမှာ ခံစားမှုမှန်သမျှ ဆိတ်သုဉ်းကွယ်ပျောက်စပြုနေပြီဖြစ်သော စက်ကိရိယာပေပဲလား။ ကျွန်တော့်ဦးနှောက်မှာ အမှောင်များအတွင်း၌ မရှုန်းဝံ့၊ မကန်ဝံ့၊ မလှုပ်ရှားဝံ့ ငြိမ်သက်နေရသော ဦးနှောက်များပေပဲလား။

ဤရထားကြီးပေါ်၌ ကျောက်ပန်းတောင်းမှ မှောင်ခိုထန်းလျက်များတင်ရန် လိုက်ပါလာခဲ့သော ကျွန်တော် ငြင်းဆန်မရအောင် မျက်နှာနာနေသော မှောင်ခိုသမားများ ပါလာနေသည်။ သူတို့ကို ကျွန်တော် မဖမ်းဆီးရက်တော့သည့် အကြောင်းရင်းကို ရှာဖွေနေမိပြန်သည်။ သူတို့ပါလာသဖြင့် ကျွန်တော်သည် အလုပ်ပြုတ်သွားနိုင်သည်။ လွတ်မြောက်ရက်မရှိ အကျဉ်းကျသွားနိုင်သည်ကိုလည်း မတွေးမိ၍ မဟုတ်။

mgyoe.com

ကျွန်တော့်စိတ်ကား ရထားကြီး ခုတ်မောင်းနေသည်ဟု မထင်တော့ပေ။ မှောင်ခိုသူများ၊ ထန်းလျက် တောင်းခွံများ၊ ဆီ၊ ဆား၊ ကြက်သွန်၊ လက်ဖက်ခြောက်၊ ငရုပ်သီး၊ နနွင်းမှုန့် စသည့် တားမြစ်ကုန်များ၊ ဂါတ်ဗိုလ်၊ စက်ခေါင်းမောင်း၊ အညှိနံ့များ၊ မုဆိုးများ၊ သားရိုင်းသမင်များ၊ ရွှံ့ရှာဖွယ်ရာများ၊ ကျောင်းသားများ၊ ရဟန်းသံဃာများ၊ လူသားများ၊ ပျက်စီးမှုများ၊ အနံ့ဆိုးများစသည့် သက်ရှိသက်မဲ့အပေါင်းသည် အထွေးထွေး အရှုပ်ရှုပ်ဖြစ်ကာ ဘယ်ဆီသို့ သွားနေမှန်းမသိသည့် ရေစီးကြောင်းကြီးတစ်ခုအတွင်း၌ ပရမ်းပတာ မျောပါနေသည်ဟု ထင်နေပြန်သည်။

အမှောင်ထုကြီးကို အဆုံးအစမရှိ နက်ရှိုင်းလှသည့် ပင်လယ်ပြင်ကြီးဟူ၍လည်း တွေးနေပြန်သည်။

အတန်ကြာလျှင် နှင်းများ ပိတ်သည်းနေသည့် အမှောင်ထဲ၌ အရဏ်ရောင်ခြည်များသည် လှပစွာ ပျို့အန်လာနေကြပြန်သည်။ ဆဒ္ဒါံချောင်းသို့ ရောက်တော့မည်၊ ဆဒ္ဒါံမှတက်ရောက်လာကြမည့် ကိုရွှေယောက်နှင့် သားသုံးယောက်၊ ကိုရွှေယောက်အဖွဲ့သားများကို စိတ်၌ မြင်တွေးနေမိပြန်သည်။

ဆဒ္ဒါံချောင်းဘူတာရှေ့သို့ရောက်လျှင် ရထားသည် အမှောင်ထုထဲ၌ ငြိမ်သက်စွာ ထိုးဆိုက်ရပ်လိုက်သည်။ ကျွန်တော်သည် ရထားအရှိန်သတ်လိုက်ကတည်းက ရထားပေါ်မှ ဖျတ်ခနဲ ခုန်ဆင်းလိုက်သည်။

ပလက်ဖောင်းပျက်တစ်နေရာ၌ ရပ်လိုက်ပြီး "ဒီမှာ လက်မှတ်လာယူကြ… ဒီမှာ… ဒီမှာ" ဟု ကျွန်တော်သည် နေ့စဉ်အော်ဟစ်နေကျအတိုင်း အော်ဟစ်နေရသည်။

ဤဘူတာမဲ့၊ ရုံပိုင်မဲ့၊ ကန်ထရိုက်မဲ့ ဘူတာတွင် ခရီးသည်များသည် ပလက်ဖောင်းပျက်အတိုင်း ကျွန်တော်ရှိရာသို့ စိတ်မှန်းဖြင့် အလဲလဲ အကွဲကွဲပြေးလာနေကြသည်။ "ကုန်တင်စရာရှိတယ် ဆရာ" ဟု ခရီးသည်တစ်ဦးသည် အဝေးကတည်းက လှမ်းပြီးအော်လာသည်။ ဂါတ်ဗိုလ်ကိုအောင်ကျော်သည် မှန်အိမ်ဆွဲပြီး ကောင်းဘွိုင်ဟန်ဖြင့် ကျွန်တော်ရှိရာသို့ လျှောက်လာသည်။ သူသည် မှန်အိမ်မီးဖြင့် ကျွန်တော် အလုပ်လုပ်နေသည်ကို ထိုးပြပေးနေ၏။

mgyoe.com

mgyoe.com

"ရင်မောင် သုတ်သုတ်လုပ်ဟေ့" ဟု သူသည် လောဆော်နေ၏။

ကျွန်တော်သည် လက်မှတ်ရောင်း၊ တန်ဆာလုပ် အလုပ်များကို အပြေးအလွှား အမြန်ဆုံးလုပ်ဆောင်နေရင်း ကိုရွှေယောက်၏ အဖွဲ့ကိုလည်း လှမ်းကြည့်နေပြန်သည်။ ကိုရွှေယောက်နှင့် သူ့လူများသည် လက်မှတ်မယူ ဘဲနှင့် ရထားတွဲများပေါ်သို့ ပြေးလွှားတက်ရောက်နေကြ၏။ ကိုရွှေယောက် သည် သူ့သားသုံးယောက်ကို ရထားပေါ်တက်ခိုင်းပြီး သူကိုယ်တိုင်မှာမူ ပလက်ဖောင်းအစွန်း မှောင်ရိပ်၌ရပ်ကာကျွန်တော့်ကို လှမ်းကြည့်နေသည်။ သူ့ခြေထောက်၌ ဖိနပ်မပါ၊ သူ့လည်ပင်းတွင် ပုဆိုးစုတ်တစ်ထည် ရစ်ပတ် ထားသည်။ သူ၏ ပြဇာတ်မင်းသားဟန် ဆံပင်ရှည်များသည် ဆီမလိမ်း မဖြီးသင်သဖြင့် သူ့မျက်နှာပေါ်တွင် အရပ်ရှစ်မျက်နှာ၌ ဖရိုဖရဲ ဝဲကျနေသည်။

အလုပ်ပြီးလျှင် ဂါတ်ဗိုလ်သည် ဝီစီကိုစစ်မိန့်ပေးသံလို အားကုန် မှုတ်လိုက်ပြီး မီးစိမ်းယမ်းပြလေသည်။ ရထားကြီး ထွက်ခွာလာမှ ကျွန်တော် သည် လူစီးတွဲတစ်တွဲပေါ်သို့ တွယ်တက်လိုက်၏။ ကျွန်တော့်နောက်မှ ကျွန်တော့်ကို အမိဖမ်းရန် ကိုရွှေယောက်သည်လည်း ဖျတ်ခနဲ ခုန်တက်လာ သည်။

ကျွန်တော်နှင့် ကိုရွှေယောက်သည် ယှဉ်ရပ်နေမိကြ၏။ ရထားအရှိန် ရလာစဉ်တွင် ကိုရွှေယောက်သည် သူ့လက်အတွင်း၌ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လာသော ကျပ်တန် အနွမ်းအကြေများနှင့် အကြွေစေ့ကလေးများကို ကျွန်တော့်လက်အတွင်းသို့ လှမ်းထည့်ပေးနေသည်။ သူ့လက်များမှာ ချမ်း အေးနေသောကြောင့်တစ်ကြောင်း၊ ကြောက်ရွံ့တုန်လှုပ်နေသောကြောင့် တစ်ကြောင်း တုန်ယင်နေသည်။

"ကျွန်တော်တို့ ရှစ်ယောက် ဆရာ..."

"တစ်အုပ်စုလုံးလား"

"ကိုဖိုးကျော် သူ့မိန်းမဆုံးလို့ နေရစ်ခဲ့တယ်"

ကျွန်တော်သည် သူပေးသည့်ငွေများကို ဘောင်းဘီအိတ်ထဲသို့ မထည့်သေးမီ အမှောင်ရိပ်ထဲ၌ သူ့မျက်နှာကို ရှာကြည့်နေမိပြန်သည်။ သူပေး သည့်ငွေမှာ တစ်ဆယ့်သုံးလေးကျပ်မျှ ရှိမည်။ သူတို့ရှစ်ယောက်အတွက်

mgyoe.com

mgyoe.com


ကျောက်ပန်းတောင်းအထိ လက်မှတ်မဲ့ဖြင့် စီးခွင့်ပြုရန်ပေးသည့်ငွေ၊ သူတို့သည် လက်မှတ်ခ အတိအကျဖြင့် လက်မှတ်ဝယ်ယူစီးနိုင်သည်အထိ သူတို့မှောင်ခိုထန်းလျက်များအပေါ်မှ မြတ်စွန်းကြသည်မဟုတ်။ သူတို့ရသည့်အမြတ်ထဲမှ ကျွန်တော်၊ ဂါတ်ဗိုလ်၊ မီးရထားရဲများ၊ ရှာဖွေရေးများကို ပေးရသည်။ ကျွန်တော်သည် သူ့မိန်းမ နေမကောင်းဖြစ်နေသည်ကို သတိရနေပြန်သည်။

"ခင်ဗျားမိန်းမ သက်သာပလား" ဟု မေးနေမိသည်။

"ဒီလိုပဲ ဆရာ..."

"ဆေးမထိုးဘူးလား"

"အင်း..."

"ဘာအင်းတာလဲ"

"မြို့ကိုသွားထိုးဖို့ကလည်း ပိုက်ဆံမရှိဘူး၊ ကျွန်တော်တို့ဆီမှာ ဆေးလာလာကုနေတဲ့ လူကလည်း ဆေးတွေပြတ်နေလို့တဲ့"

"ကျန်းမာရေးမှူးလား"

"မဟုတ်ပါဘူး... မြင်းလှည်းသမားပါ၊ အားကိုးရပါတယ် ဆရာ၊ သူက ဆေးထိုးသိပ်ကောင်းတာ။ ပိုက်ဆံလည်း သိပ်မယူဘူး။ ဆရာဝန်တွေဘာတွေလို ကြီးကြီးကျယ်ကျယ်လုပ်တဲ့လူလည်း မဟုတ်ဘူး"

ကျွန်တော်သည် ငြိမ်သက်နေမိပြန်၏။ ကိုရွှေယောက်ကား ကလေးတစ်ကျိတ်ကျော် ကျွေးမွေးနေရသူ။ သူ့မယားကား အစဉ်အမြဲ မမာမကျန်းဖြစ်နေသူ။ အရွယ်မရောက်သေးသော သားကလေးသုံးယောက်ကိုပါ မှောင်ခိုလုပ်ခိုင်းနေရသူ။ ကျွန်တော်၊ ဂါတ်ဗိုလ်၊ မီးရထားရဲများနှင့် ရှာဖွေရေးများကို ရှာဖွေကျွေးမွေးနေရသူ။

သူသည် တစ်ခုခုကို နက်နက်ရှိုင်းရှိုင်း တွေးလာနေခဲ့ပုံဖြင့် "ဒီလိုပေါ့ဆရာ..." ဟု အရင်းမရှိ အဖျားမရှိ စကားပြောနေပြန်သည်။

ကျွန်တော်သည် ငွေတစ်ဝက်မျှကို အိတ်ထဲထည့်လိုက်ပြီး တစ်ဝက်ကိုကား သူ့မိန်းမဆေးကုရန်အတွက် ပြန်ပေးနေမိပြန်သည်။ သူသည် ပြန်ယူရန်ငြင်းဆန်နေသည်။ သူ့ငွေများ အကုန်မယူသဖြင့် သူ့ကို ကျွန်တော်က ဒုက္ခ

mgyoe.com

mgyoe.com

ပေးတော့မည်ဟု ကြောက်ရွံ့နေပြန်သည်။ ကျွန်တော်သည် သူ့ကို ပြန်ယူရန် တိုက်တွန်းနေရင်း စိတ်မောနေမိသည်။

နောက်ဆုံး၌ ကျွန်တော်ပြန်ပေးသည့်ငွေများကို လှမ်းယူသောအခါ တွင် သူ့လက်များ တဆတ်ဆတ်တုန်နေသည်ကို သတိထားမိလာသည်။ သူ့မျက်လုံးအိမ်၌ လှိုက်လှဲသော မျက်ရည်များ ပြည့်လာနေသည်ကို ကျွန် တော်သည် မမြင်ရဘဲနှင့် သိနေခဲ့သည်။

"ဒီပြင်လူတွေဆိုရင် ဘယ်လောက်ပေးပေး ကျေနပ်ကြတာမဟုတ် ဘူး။ တချို့မိန်းကလေးတွေဆိုရင် ငွေတင်မကျေနပ်လို့ ဟိုဟာပါပေးရတာ။ ငွေနည်းတယ်ဆိုပြီး ထပ်ထပ်တောင်းကြတာ၊ မြခင်လေးဆို ကြည့်ပါလား၊ အသက်ဆယ့်သုံးနှစ် မပြည့်သေးဘူး၊ ဆံထောက်ကလေးတောင် မထားရဲ ထားရဲထားနေတုန်း ဟိုဟာပါပေးရလို့ ဗိုက်ကလေးပူလာတာ" ဟု သူက စိတ်ထဲမှ ပြောနေသည်ကိုလည်း ကျွန်တော့်စိတ်အာရုံ၌ လာ၍ကြားနေရပြန် သည်။

"အေးဗျာ... ဒီလိုပဲပေါ့ဗျာ၊ ကြည့်တော့လုပ်ကြဗျာ" ဟု ကျွန်တော် သည် မှာကြားနေမိ၏။

"စိတ်ချပါဆရာ၊ ဆရာ့ကို မထိခိုက်ပါဘူး၊ ဘယ်တော့မှ ကျွန်တော် တို့ သားအဖတွေ ထန်းလျက်ကို မမိပါဘူး"

"ခင်ဗျားတို့ကို စိတ်ချပါတယ်။ ခင်ဗျားတို့ ကျွန်တော့်ကို ဘယ်တော့မှ ဒုက္ခမပေးဘူးဆိုတာ ယုံတာပေါ့ဗျာ၊ ဒါပေမဲ့ ရှာဖွေရေးတွေဘာတွေမိရင် ကျွန်တော့်မှာ တာဝန်ရှိတာပဲ"

"ဟုတ်ပါတယ်ဆရာ..."

"အလုပ်ပြုတ်နိုင်တယ်၊ ထောင်ကျနိုင်တယ်"

သူ ဆက်ပြောသည်ကို ရထားခုတ်မောင်းနေသံ ဆူညံနေသဖြင့် ကျွန် တော် မကြားရတော့ပေ။ သူ့ထန်းလျက်များကို မည်သည့်အခါ၌ မည်သူ များက ဖမ်းဖမ်း မိမည်မဟုတ်။ သူ၏ လျှို့ဝှက်ချက်ကို ကျွန်တော်လည်း မသိ။ အမှန်တွင် ကျောက်ပန်းတောင်း–တောင်တွင်းကြီး ခုတ်မောင်းနေရာ၌ ရထားနှစ်စင်း လဲလှယ်ခုတ်မောင်းနေရာ ရထားတစ်စင်း၏ အိမ်သာ တစ်ခု

mgyoe.com

mgyoe.com

တွင် အပေါ်အမိုး၌ အပေါက်တစ်ခုပါရှိသည်။ ထိုအပေါက်အတွင်းမှ သူတို့ ပစ္စည်းများကို လျှို့ဝှက် တင်ဆောင်နေခဲ့ကြ၏။

ကျွန်တော်သည် ဤရထားပေါ်၌ မှောင်ခိုသမား နှစ်ဆယ်ထက် မနည်းပါနေခဲ့ပြီကို တွေးမိကာ စိတ်နှလုံး၌ လေးလံလာနေပြန်သည်။ ပင်းချောင်းအောင်နိုင်မြင့်၊ သားမျှားကိုသန်း၊ မြို့သစ်ကိုသန်း၊ ကျောက်ပန်းတောင်းစိုးမြင့်၊ မည်သူတွေက ဖမ်းဆီးဖမ်းဆီး ကျွန်တော့်၌ တာဝန်ကင်းမည် မဟုတ်။

ကျွန်တော်ကား တီဘီစီ (ရထားလိုက် ဘူတာစာရေး) ဖြစ်၍ ရထားတစ်စင်းလုံး လက်မှတ်စစ်၊ တန်ဆာမဲ့ ပစ္စည်းဖမ်း၊ မှောင်ခိုပစ္စည်းဖမ်း စသည့် တာဝန်များကို ထမ်းဆောင်နေရသူ။ အကယ်၍ တစ်စုံတစ်ဦးက ရန်ငြိုးဖြင့် ဖမ်းဆီးစစ်ဆေးလျှင် ရှောင်ရှားကွက်မရှိသူ။ မှောင်ခိုသူများနှင့်လည်း တစ်သွေးတည်း တစ်သားတည်း ရင်းနှီးချစ်ခင်ကြသဖြင့် မျက်စိမှိတ်နေရသူ။

ကျွန်တော်သည် နီပြာတံခဲတံကို ကိုင်ကြည့်နေရင်း ဤရထားပေါ်၌ ကျွန်တော်ကား ဖမ်းဆီးနိုင်သော အာဏာပြည့်စုံသူ ဘုရင်ကလေးတစ်ဆူ ဖြစ်နေသည်ကို တွေးနေမိ၏။ ဤ နီပြာတံကလေးဖြင့် ခြယ်လှယ်ချင်သလို ရနေနိုင်သော အခွင့်ထူးရရှိနေပုံမှာ ဝမ်းသာအားရစရာလားဟု တွေးနေမိပြန်သည်။

ဤသို့ဖြစ်နေရပုံမှာ ကမောက်ကမ ဖြစ်နေခြင်းပေလား။ အရဏ်သည့် ပို၍လင်းလာ၏။ အမှောင်နှင့်အလင်းများ ရောထွေးလာနေပြန်သည်။ မြို့လုလင်သို့ရောက်လျှင် အလင်းရောင် ပျော့ပျော့အတွင်း၌ နှင်းစက်များ ကျနေသည်ကို မသဲမကွဲ မြင်လာရသည်။ ဘူတာကွေ့၌ ရထားဆိုက်ရပ်ချိန်တွင် အလင်းနှင့်အမှောင်ကြား၌ အရာဝတ္ထုများသည် မသဲမကွဲရောထွေးနေကြလေသည်။

မြို့လုလင်ဘူတာစာရေး သိန်းလွင်ကြီးသည် နံနက်စောစော၌ အရက်မူးနေလျက်ဖြင့် ဂါတ်တွဲသို့ ခပ်ယိုင်ယိုင် လျှောက်လာတတ်၏။ သူ့ကိုယ်ပေါ်မှ ယူနီဖောင်းဝတ်စုံမှာ ညစ်ထေးနေသည်။ သူ၏ ထန်းလက်တဲဘူတာရုံရှေ့တွင် ခရီးသည်များသည် အလုအယက် တိုးဝှေ့နေကြ၏။ ဟိုဘက်၌

mgyoe.com

mgyoe.com

ကား ထန်းပင်များ၊ ညောင်ပင်များ၊ ဈေးဆိုင်များ၊ မြို့လုလင်ဈေးတန်းနှင့် မြို့လုလင်ရွာပေါ်တွင် နှင်းများပိတ်ဆို့မှောင်နေသည်။

ကျွန်တော်သည် ဤဘူတာသို့ရောက်လျှင် လူစီးတွဲ တစ်တွဲတွဲ အဝမှ ရပ်ကာ ဦးကောင်းဖုံ၏ အကြော်တဲဆိုင်ဝဘက်သို့ အစဉ်အမြဲ လှမ်းကြည့်တတ်သည်။ အကြော်တဲဆိုင်ရှေ့ဘက် ညောင်ပင်ကြီးအောက်ရှိ ထိုင်ခုံ၌ ညိုညိုကို တွေ့နေကျဖြစ်နေသည်။ သူသည် ရထားကြီးဝင်လာလျှင် ကျွန်တော့်ကို မြင်ရန် လှမ်းကြည့်နေတတ်၏။ ထိုနေရာမှထရပ်ပြီး သူ့ကုန်စိမ်းတောင်းများ ချထားရာ သံလမ်းနံဘေးသို့ သုတ်သုတ်ပြေးလာကာ သူ့တောင်းများကို ရေးကြီးသုတ်ပျာတင်လေသည်။

ကြာသော် သူထိုင်နေကျ ဤညောင်ပင်ကြီးအောက် ဦးကောင်းဖုံဆိုင်ရှေ့ရှိ ထိုင်ခုံပေါ်တွင် မီးမလင်းမီ နှင်းမှုန်များ ဝေနေစဉ်တွင် သူ့ကိုမြင်တွေ့နေရသည်မှာ စိတ်၌ အစွဲအလမ်းတစ်ခုလို ဖြစ်လာသည်။

သူ ဤနေရာကလေးတွင် ထိုင်ပြီး ရထားကြီးကို စောင့်၊ ကျွန်တော့်ကို ရှာဖွေကြည့်နေတတ်သည်မှာ ကျွန်တော် တောင်တွင်းကြီး ကျောက်ပန်းတောင်းလမ်းသို့ ရောက်လာစကတည်းကဖြစ်သည်။

ထိုအခါကမူ သူသည်လည်း ကလေးသာသာ အရွယ်ကလေး။ ဆံရစ်ဆံတောက်ကလေးနှင့်ဖြစ်၏။

သူသည် ရထားကြီးဆိုက်ရပ်လျှင် ထိုနေရာမှ ဒုန်းစိုင်းပြေးလာတတ်၏။ သူ့ခေါင်းပေါ်မှ ဆံရစ် ဆံတောက်ဆံပင်များသည် တဖွာဖွာဝဲနေတတ်သည်။ သူ့လည်ပင်း၌ ပုဆိုးစုတ်တစ်ထည်တင်ထားကာ ဖိုးရိုးဖားရား ဖြစ်နေသည်။ သူ့ပါးပေါ်တွင် ကျောက်နီနားဆွဲကလေးသည် ယိမ်းကာ လှုပ်ရှားနေသည်။ သူ့ပါးကလေးများမှာ အပျိုသွေးသစ်စ ဖောင်းကြွနေသည်။

သူသည် မြို့လုလင်နှင့် တစ်မိုင်မျှသာဝေးသည့် ပုတီးကုန်းရွာသူဖြစ်၏။ သူသည် ဖခင် မျက်မမြင်ကြီးကိုလည်းကောင်း၊ မိခင် လူမမာကြီးကို လည်းကောင်း သူ့ ကုန်စိမ်းရောင်းရငွေကလေးဖြင့် လုပ်ကိုင်ကျွေးမွေးနေကာ မောင်ကလေးတစ်ယောက်ကိုလည်း ကျောင်းထားပေးနေရသည်ကို ကျွန်တော်မသိခဲ့။ သူ ဈေးပတ်လိုက်ရောင်း၍ မြတ်ငွေမှာ သုံးလေးကျပ်မျှသာ

mgyoe.com

mgyoe.com


ရှိသဖြင့် ရထားလက်မှတ်ကိုလည်း ဝယ်မစီးနိုင်၊ ကုန်ပစ္စည်းများကိုလည်း တန်ဆာမလုပ်နိုင်။

ကျွန်တော် ဤလမ်းသို့ရောက်စ နှင်းများဝေနေသော တစ်နံနက်တွင် ကျွန်တော် လက်မှတ်စစ်သောအခါ သူသည် အိမ်သာနံဘေး၌ ရပ်နေရင်း ကျွန်တော့်ကို မျက်လုံးပြူးကြီးများဖြင့် ကြည့်နေခဲ့သည်။

ကျွန်တော် လက်မှတ်တောင်းနေသည့် လက်ကိုမကြည့်ဘဲ ကျွန်တော့် မျက်နှာကိုသာ မော့ကြည့်ရင်း မျက်တောင်ကော့ကြီးများကိုသာ ပုတ်ခတ် လှုပ်ရှားနေခဲ့သည်။ သူ့မျက်နှာမှာ တဖြည်းဖြည်း ဖြူဖျော့လာနေသည်။ သူသည် ကြောက်ရွံ့သဖြင့် ငိုလိုက်တော့မည့်အတိုင်း ဖြစ်နေခဲ့သည်။

အတော်ကြာမှ သူသည် တုန်ယင်နေသောလက်များဖြင့် သူ့ ချွေးခံ အကျီအောက် အိတ်ကပ်အတွင်းသို့ နှိုက်နေသည်။ လက်ပြန်နှုတ်လျှင် လက်မှတ်မပါဘဲ ကျပ်တန်ကလေး တစ်ရွက်သာပါလာသည်။ သူသည် တုန်ယင်သောလက်များဖြင့် ကျွန်တော့်ကို လှမ်းပေးနေသည်။

ရထားသည် ပုလင်းချောင်းတံတားရှည်ကြီးကို ဖြတ်ကျော်နေ၏။

"လက်မှတ်မပါဘူးလား" ဟု ကျွန်တော်က အသံမြှင့်ပြီး မေးနေ သည်။

"ဟုတ်ကဲ့..."

"အမြဲတမ်း ဒီလိုပဲစီးနေတာလား"

"ဟုတ်ကဲ့"

"ဒါဖြင့် ဖမ်းရမှာပေါ့"

"ညီညီ... ညီညီ... မြို့သစ်ရောက်ရင် လက်မှတ်ဆင်းဝယ်ပါ့မယ်၊ ကိုစိုးမြင့်ကြီးလိုက်တုန်းက ညီညီ ငါးမူးလောက်ပေးရင် သမျှားဈေးအထိ လိုက်ရတယ်"

သူ့အသံမှာ တုန်ယင်နေခဲ့သည်။

သူ့ ငွေတစ်ကျပ်ကို ပြန်ထည့်ထားရန် ပြောသောအခါ သူသည် ပို၍ ကြောက်ရွံ့လာကာ မျက်ရည်များဝိုင်းလာနေသည်။

"ဒါဖြင့် မြို့သစ်ရောက်ရင် ငါ့နောက်ကလိုက်ခဲ့၊ လက်မှတ်လိုက်ဝယ်

mgyoe.com

mgyoe.com


ပေါ့" ဟု ပြောလျှင် သူသည် ခေါင်းတဆတ်ဆတ် ညိတ်နေခဲ့၏။

သူ့ကို ဖမ်းရန်အတွက် ဘူတာအတွင်းသို့ ခေါ်သည်ကို သူ မသိပေ။

ကျွန်တော်သည် သူ့အနားမှခွာပြီး လက်မှတ်လျှောက်စစ်နေစဉ်၌ သူသည် ကျွန်တော့်ကို စိန်းစိန်းစားစား လိုက်ကြည့်နေခဲ့သည်။

မြို့သစ်ဘူတာတွင် ရထားရပ်လျှင် သူသည် ကျပ်တန်တစ်ရွက်ကိုင်လျက် ကျွန်တော့်နောက်မှ လျှောက်လိုက်လာခဲ့သည်။

"သူများ လက်မှတ်မယူတော့ဘူးလေ... ဒီပိုက်ဆံကို ယူပါလား..."

"တစ်ခါတလေတော့ လက်မှတ်ယူဖူးတယ်ရှိအောင် ယူမှပေါ့ကွယ်..."

ကျွန်တော် ရုံပိုင်စားပွဲရှေ့သို့ လျှောက်သွားသည်။ သူသည် နောက်ဘက်မှ တကောက်ကောက် လိုက်လာခဲ့သည်။ ကျွန်တော်သည် သူ့ကို စားပွဲရှေ့ တွန်းပို့လိုက်ပြီး လက်မှတ်မဲ့ဖြင့် အပ်လိုက်၏။ သူ့တောင်းများကိုလည်း အလုပ်သမားများ ချထားလိုက်ကြ၏။ သူသည် ရုံပိုင်က တရားစွဲရန် 'အမည်၊ နေရပ်၊ လိပ်စာ' တို့ကို မေးနေစဉ် ဖြေဆိုနေရင်း ကျွန်တော့်ကို စကားတစ်လုံးမျှ မပြောတော့ဘဲ မျက်ရည်များကျလာသည်။

ရုံးခန်းအတွင်းမှ ကျွန်တော် ထွက်လာသည်။ သူသည် တန်းလျားရှည်တစ်ခုပေါ်တွင် ထိုင်နေရင်း ကျွန်တော့်ကို ကျောဘက်မှ လိုက်ကြည့်နေခဲ့သည်။

ကျွန်တော်လည်း အမှတ်မထင်ပင် ရထားပေါ်သို့ တက်လာခဲ့၏။ လက်မှတ်မဲ့ ခရီးသည်များကို ဖမ်းဆီးရခြင်းမှာ ကျွန်တော့်အတွက်ကား နေ့စဉ်ပြုလုပ်နေကျအလုပ်သာ ဖြစ်သော်လည်း သူ့အတွက်ကား နတ်မောက်ဈေးအထိ မလိုက်ရသဖြင့် သူ့ရောင်းကုန်များလည်း ပျက်စီးကုန်ရသည်။

သူနှင့်ကျွန်တော့်ကြား၌ ထိုအခါကတည်းကပင် မမြင်ရသော သံယောဇဉ်ကြိုးမျှင်များ စတင်ရစ်ဖွဲ့လာကြသည်ကို ကျွန်တော်လည်း မသိခဲ့။ ဤသံယောဇဉ်များကား သူ့အလိုလို နှလုံးသားအတွင်းတွင် ပေါက်ပွားလာကြလေသည်။ ဘာကြောင့် ဖြစ်ပေါ်လာရသည်ဟူသော အကြောင်းရင်း၏ အစကိုကား ဦးနှောက်ဖြင့် ရှာဖွေ၍ ထိတွေ့နိုင်မည် မဟုတ်။

mgyoe.com

mgyoe.com

ကျွန်တော်သည် သူ့မျက်ရည်များ တတွေတွေ ကျလာခဲ့ပုံကို အမှတ်မထင် တွေးမိခဲ့သည်။ သူ့မျက်နှာဝိုင်းဝိုင်းကလေး၊ သူ့ဝိုင်းဝိုင်းစက်စက် မျက်လုံးများ၊ သူ့ မျက်တောင်ကော့များ၊ သူ၏ ဆံတောက်ဖားဖားကြီးကို မြင်ယောင်မိကာ သူ့မျက်နှာမှာ ကျွန်တော်နှင့် ရင်းနှီးခဲ့ဖူးသူ တစ်ဦးဦးလို ထင်နေခဲ့ပြန်သည်။ သူ၏ အဝတ်အစားများ နွမ်းကြေနေပုံကို မြင်နေပြန်သည်။ ကရုဏာစိတ်များသည် အမှတ်မထင် ဖြစ်ပေါ်လာကြ၏။

နောက် ခုနစ်ရက်မျှ ကြာသည်အထိ မြို့လုလင်သို့ ရောက်လျှင် သူ့ကို ရှာကြည့်သော်လည်း မတွေ့မြင်ရတော့ပေ။

ကျွန်တော့်စိတ်၌ ငယ်စဉ်က သေဆုံးသွားခဲ့သော ညီမကလေး၏ မျက်နှာကို သတိရနေပြန်သည်။ သူ့မျက်နှာကို ညီမကလေးမျက်နှာနှင့် တူနေမလားဟု နှိုင်းစာကြည့်နေရင်း သူ့ကိုလည်း ညီမကလေးတစ်ဦးလို စိတ်၌ မှန်းဆနေမိပြန်သည်။

မကြာမီ တစ်နံနက်တွင် သူ့ကို ဦးကောင်းဇံဆိုင်ရှေ့ ညောင်ပင်ကြီး အောက်ရှိ စားပွဲခုံဘေး ထိုင်ခုံပေါ်တွင်ပင် တွေ့နေရပြန်သည်။

ထိုနေ့က သူသည် ကုန်စိမ်းတောင်းများကို သံလမ်းနံဘေးတွင် ရွှေ့ထားနှင့်သည်။ ရထားရပ်လျှင်ရပ်ချင်း နေရာမှထကာ ကျွန်တော်ပါလာသည့် တွဲဘက်သို့ ကလေးစိတ်ဖြင့် ဒုန်းပြေးလာသည်။ ကျွန်တော်သည်လည်း ရထားမရပ်သေးမီ၌ ခုန်ဆင်းလိုက်၏။ သူနှင့်ကျွန်တော်သည် မသဲမကွဲ အလင်းရောင်အောက်တွင် နှင်းများဝေနေစဉ်၌ မျက်နှာချင်းဆိုင် ရပ်နေမိကြသည်။

"လက်မှတ်စစ်ကြီး... ဒီနေ့... ဒီနေ့... သူများကို ဖမ်းဦးမလား ဟင်..."

သူသည် အလောသုံးဆယ် မေးနေသည်။

ကျွန်တော်သည် ပြုံးနေမိ၏။

"လက်မှတ်မဝယ်ရင် ဖမ်းမှာပေါ့" ဟု ရယ်သံဖြင့် ပြောနေမိသည်။

"ဒါဖြင့် ညီညီ မလိုက်တော့ဘူး"

"ဒါဖြင့် ဘာနဲ့သွားမှာလဲ"

"ခြေလျင်သွားမှာပေါ့"

mgyoe.com

"တောင်းတွေကရော..."

"တောင်းတွေတော့ တင်ပေးလိုက်မယ်၊ အဲဒါ မြို့သစ်ဘူတာရောက်ရင် လက်မှတ်စစ်ကြီး ချထားခိုင်းလိုက်ပါ"

ကျွန်တော်သည် သူ၏နဖူးကို လက်သီးဖြင့် ထိုးကြိတ်လိုက်တော့ မလို ရွယ်လိုက်ပြီး ရယ်နေမိ၏။

"ခု လက်မှတ်မပါဘူးလား... ကဲတောင်းတွေ သုတ်သုတ်တင် လူကော လိုက်ခဲ့ပေါ့။ ခင်ဗျားတောင်းတွေ ကျုပ် ကူလီမှမဟုတ်ဘဲ ဘယ်ချနိုင်ပါ့မလဲ၊ ခင်ဗျားကို ကျုပ်မဖမ်းပါဘူး။ ဘယ်တော့မှ မဖမ်းပါဘူး။ ဒီပြင်လူတွေဖမ်းရင်သာ ကျုပ်ကို ပိုက်ဆံပေးရတယ်လို့ မပြောပါနဲ့"

"တကယ်လား" ဟု သူသည် အံ့အားသင့်စွာ မေးနေခဲ့သည်။

သူသည် ဆယ်ပြားစေ့ကလေး လေးငါးခြောက်စေ့ကို ထုတ်ပေးနေပြန်သဖြင့် ကျွန်တော်သည် သူ၏ နဖူးကို ခပ်သာသာ ပုတ်ပစ်ခဲ့၏။

သူသည် သူ့တောင်းများကို ရထားတွဲပေါ်သို့ ကမန်းကတမ်း တင်ပြီး သူပါ တက်လိုက်၏။ ကျွန်တော်လည်း သူ့နောက်မှ လိုက်တက်သွားသည်။ ရထားထွက်လာချိန်တွင် သူနှင့်ကျွန်တော်သည် တွဲပေါက်ဝ၌ နီးကပ်စွာ ယှဉ်ရပ်နေမိကြ၏။ သူသည် အပျိုသွေးဝင်စ စိတ်ဖြင့် ရှက်နေကာ မျက်နှာ တစ်ပြင်လုံး နီမြန်းနေခဲ့သည်။

ကျွန်တော်သည် သူ့ကို ခြောက်လှန့်ပြီး နောက်ပြောင်ရန် စိတ်ကူးမိခဲ့၏။

မနောက်ပြောင်ဖြစ်ဘဲ သူ့ ဈေးရောင်းရသည့်ဝင်ငွေများကို မေးနေမိပြန်သည်။

သူသည် သူ့ရွာကလေးကို ရထားပေါ်မှ လှမ်းပြခဲ့၏။ သူ့ရွာကလေးမှာ သံလမ်းနှင့် မနီးမဝေးတွင် မန်ကျည်းပင်များ၊ တမာပင်များ အုပ်ဆိုင်းကာ ညို့ပျနေသည်။ သူသည် ထိုရွာကလေးအတွင်းရှိ တဲအိမ်ကလေးတစ်လုံးတွင် နေထိုင်သူဖြစ်၏။

"လက်မှတ်စစ်ကြီး... သူများတို့ရွာ လာလည်ဦးပေါ့၊ သူများတို့ အိမ်ကိုတော့ မလာနဲ့နော် ရှက်စရာကောင်းလို့ပါ"

mgyoe.com

သူသည် သူ့ရှာကလေးကို လက်ညှိုးထိုးပြနေခဲ့သည်။

သူ၏ မိဘများ လုပ်ကျွေးနေပုံကိုသိရလျှင် ကျွန်တော့် စိတ်နှလုံးအိမ်၌ သူ့ကို လေးစားစိတ်၊ ခင်မင်စိတ်များ ပေါ်လာနေပြန်သည်။ သူသည် ချမ်းသဖြင့် တဘက်ကို ခပ်တင်းတင်း ပြင်ခြုံလိုက်သည်။

"မင်းကို နောက် ဘယ်တော့မှ ကို မဖမ်းတော့ဘူး… တကယ် ပြောတာ"

ကျွန်တော်ပြောနေသည်ကို သူသည် ငေးကြည့်နေသည်။

"မင်းနာမည် ညိုညိုနော်… လက်မှတ်စစ် ထွန်းမြင့်တို့ မောင်ရွှေတို့ကို ပြောထားရမယ်၊ ညိုညိုဟာ ကို့ ညီမလေးလို့ ကြားလား၊ သူတို့ ယုံပါတယ်။ မင်းနဲ့ကိုနဲ့ ရုပ်ချင်းလည်းဆင်တယ်နော်… မောင်နှမဆိုရင်တောင် ယုံကြမှာ။ မင်းကို လက်မှတ်စစ်ရင် ကိုရင်မောင့်ညီမ ညိုညိုလို့ ပြောပြလိုက်ပေါ့။ သူတို့ မဖမ်းပါဘူး။ တစ်ခုတော့ ပြောထားရဦးမယ်… အဲဒီလူတွေဟာ နာမည်နဲ့ လူတွေနော်၊ မိန်းမဆိုရင် သူတို့ဖို့ချည်း ထင်ကြတာ၊ မင်းတို့အရွယ်ဆိုရင် အပျိုကြီးလုပြီလို့ ထင်ကြတာ၊ မရှက်နဲ့လေ… ကို တကယ် သတိပေးနေတာ၊ ဒီလူတွေဟာ ခပ်တည်တည်နေနိုင်လို့တောင် တန်ကာ မကျဘူး၊ တော်ကြာရင် မင်းလည်း အပျိုကြီးဖြစ်လာတော့မှာနော်၊ အပျိုကြီးဖြစ်လာရင် ကိုတို့ကိုလည်း ခပ်တည်တည်နေ"

သူသည် မျက်နှာနီမြန်းနေကာ ခေါင်းငုံ့ထားနေပြန်သည်။

မြို့သစ်သို့ ရထားဆိုက်လျှင် သူ့တောင်းများကို ကမန်းကတမ်းဆွဲချနေရင်း ကျွန်တော့်ကို နှုတ်ဆက်နေ၏။

"အမေတို့ကို ပြောရမယ်၊ အမေတို့ သိပ်ဝမ်းသာကြမှာ" ဟု ပြောနေသည်။

ကျွန်တော်လည်း ရထားပေါ်မှအဆင်းတွင် သူ့ကို ခေါင်းတစ်ချက်ပုတ်ပြီး ဂါတ်တွဲသို့ ကူးလာခဲ့လေသည်။

□

mgyoe.com

mgyoe.com

# ၂

၁၉၆၂......

နံနက်လင်းစ နှင်းမှုန်များ ဝေနေဆဲ၊ အလင်းအမှောင်ရောလျက်နေဆဲ မြို့လုလင်ဘူတာသို့ ရထားကြီးဝင်လာခဲ့လျှင် ကျွန်တော်သည်လည်း လူစီးတွဲဝတစ်ခုမှရပ်ကာ သူထိုင်နေကျ ထိုင်ခုံနေရာကို အမှတ်မထင် ကြည့်လာမိတတ်သည်။

ထိုရက်များကမူ ကျွန်တော်သည်ပင် ကျွန်တော့် စိတ်နှလုံးအိမ်၌ ငြိတွယ်လာနေသည့် စွဲလမ်းမှုကလေးကို မမြင်နိုင်။ သူ့ကို တွေ့နေကျနေရာ၌ မတွေ့ရသည့်ရက်များတွင် စိတ်၌ တစ်ခုခုဟာနေ လိုအပ်နေသလိုသာ ခံစားနေရတတ်သည်။

သူသည်လည်း ညောင်ပင်ကြီးအောက် ထိုင်ခုံနံဘေးမှ ထရပ်ကာ ရထားပေါ်၌ပါလာမည့် ကျွန်တော့်ကို ရှာဖွေကြည့်နေတတ်သည်။ ကျွန်တော့်ကို လှမ်းမြင်ရလျှင် သူ့မျက်နှာမှာ မသိမသာ ရွှန်းလက်သွားတတ်သည်။

သူသည် ရထားတွဲပေါ်သို့ ကုန်စိမ်းတောင်းများကို တင်ပြီးလျှင်လည်း တွဲပေါက်ဝမှ မခွာသေးဘဲ တောင်းများကို ဟိုရွှေ့သည်ရွှေ့လုပ် အချိန်ဆွဲနေရင်း ကျွန်တော့်ကို ကိုယ်ရောင်ပြနေတတ်ပြန်သည်။

တစ်ခါတရံ အခြားတွဲများ၌ စစ်ဆေးရှာဖွေရန် အရေးကြီးသဖြင့် ကျွန်တော်သည် သူစီးလာသည့်တွဲသို့ မသွားဖြစ်ခဲ့။ ထိုအခါများ၌ သူသည် တွဲဝမှ ထွက်ပြူရပ်ကာ ကျွန်တော်ပါလာသည့်တွဲကို လှမ်းကြည့်နေတတ်

mgyoe.com

သည်။ ကျွန်တော်နှင့် မျက်နှာချင်းဆိုင်မိကြလျှင် သူသည် ရှက်ကိုးရှက်ကန်း ဖြစ်နေတတ်ပြန်သည်။

အခြားလုပ်ဆောင်စရာများ အရေးမကြီးသည့်နေ့များတွင်ကား ရထား ထွက်လာလျှင် ကျွန်တော်သည် သူရပ်နေရာတွဲဝသို့ ခိုတက်လာတတ်၏။ ကျွန်တော်သည် ရထားခြေနင်းခုံပေါ်တွင် ရပ်ရင်း သူ့ကိုပြုံးပြကာ နှုတ်ဆက် သည်။

သူ့အနား၌ ကျွန်တော်ရပ်နေပြန်လျှင်လည်း သူ့မျက်နှာမှာ ရှက်သလို ဖြစ်နေပြန်သည်။ သူသည် ကျွန်တော့်ကို စေ့စေ့မကြည့်ရဲဘဲ ဆံတောက် ဆံပင်များကို နားရွက်ပေါ်သို့သပ်တင်ကာ အလုပ်ရှုပ်နေပြန်သည်။

"ကိုရင်မောင်ကြီး မပါဘူးလားလို့ ရင်ထဲကို ထိတ်သွားတာပဲ"

ဟူ၍လည်း ကလေးစိတ်ဖြင့် ပြောနေသည်။

"နောက်ကိုဆိုရင် ကိုရင်မောင်ကြီး အလယ်တွဲက လိုက်လာခဲ့ သူများ လည်း ဦးကောင်းဇံဆိုင်ရှေ့က ခုံမှာထိုင်တာ ကိုရင်မောင်ကြီး တွေ့အောင်လို့၊ နောက်ကို အဲဒီကိုကြည့်လာခဲ့၊ ညောင်ပင်ကြီးအောက်က ခုံလေ၊ အဲဒီမှာ မတွေ့ရင် သူများမလိုက်တဲ့နေ့လို့ မှတ်ထားပေါ့"

ကျွန်တော်သည် သူ ရှက်သွားမည်စိုးသဖြင့် သူ့မျက်နှာကို စိုက် မကြည့်သော်လည်း သူ့တစ်ကိုယ်လုံးကို သိမ်းကျုံးမြင်နေရသည်။ သူဝတ် နေကျအင်္ကျီမှာ သူ့ကိုယ်လုံးနှင့် ကျပ်လာသဖြင့် ဆေးသားများခွဲကာ အခြား ပိတ်ဖြင့် စပ်ထားရသည်။ တစ်ခါတရံ သူ့ကို ငေးကြည့်မိလျှင် သူသည် မျက်နှာတစ်ပြင်လုံး ရှက်စိတ်ဖြင့် ထူပိန်းလာကာ ခေါင်းကို ငုံ့ပစ်လိုက်တတ် သည်။ အနေကျုံ့လာသည်။

"အဲဒီလိုမကြည့်ပါနဲ့" ဟု သူ့စိတ်အတွင်းမှ ပြောနေသံကိုပင် ကြား နေရသည် ထင်ရသည်။

ပုတီးကုန်းရွာကို လှမ်းမြင်ရလျှင် သူသည်...

"အဖေတို့က ကိုရင်မောင်ကြီးကို အလည်ခေါ်လာဖို့ မှာလိုက်တာ၊ သူများတော့ မခေါ်ချင်ဘူး၊ သူများတို့အိမ်က သိပ်စုတ်တာ၊ ရှက်စရာနော်၊ အဖေတို့ကတော့ ကိုရင်မောင်ကြီးဟာ သူများတို့ ကျေးဇူးရှင်တဲ့"

mgyoe.com

mgyoe.com


ကျွန်တော်သည် ငြိမ်သက်စွာ ပြုံးနေခဲ့၏။ ကျွန်တော့်စိတ်နှလုံး အာရုံ၌ လှိုင်းထလှုပ်ရှားနေတတ်သည်ကို သုံးသပ်မိလာသည်။

တစ်နေ့ထက်တစ်နေ့ တစ်ချိန်ထက်တစ်ချိန် ထိုလှုပ်ရှားနေမှုမှာလည်း ပို၍ သိသာလာသည်။ အလိုလို စိတ်၌ မောလာနေမိပြန်သည်။ သူ့ စိတ်တွင်လည်း ထိုသို့လှုပ်ရှားနေသည်ကိုလည်း အစင်းသား သိလာနေရပြန်သည်။ တစ်ခါတစ်ရံ၌ သူ့မျက်လုံးရဲကြီးများအပေါ်၌ တစ်ခုခုကို တမ်းတနေသည့် အရောင်များ တောက်လာနေသည် ထင်မိသည်။

"ဒီနေ့ ညီညီ ဘယ်ကိုလိုက်မလဲ"

"နတ်မောက်ဈေးနေ့လေ"

"ပင်းချောင်းကျအောင် လိုက်ခဲ့ပါလား"

သူသည် ခေါင်းငုံ့ထားရင်း "ရထားခတွေသာ ပေးနေရရင် အများကြီးနေမှာနော်... ထိပေါက်မှ ကိုရင်မောင်ကြီး ရထားခတွေ အကုန်ပြန်ပေးရမှာ" ခပ်တိုးတိုး ပြောနေသည်။

"ထိကကော ထိုးထားပြီးပလား"

"အဲဒါတော့ စိတ်ကူးနေတုန်းပဲ"

သူသည် ကလေးစိတ်ပေါ်လာပြန်ကာ ရယ်စရာမဟုတ်ဘဲနှင့် လွတ်လပ်စွာ ရယ်ချင်ရယ်လိုက်ပြန်သည်။

သူ့ လွတ်လပ်စွာရယ်လိုက်သံကြောင့် သူ့ကို ကလေးအဖြစ်ဖြင့် ပြန်မြင်လာကာ အစောက ပူနွေးလှုပ်ရှားလာနေခဲ့သည့် ကျွန်တော့်စိတ်နှလုံးများသည်လည်း ပြန်၍ ငြိမ်သက်လာသည်။ ထိုလှုပ်ရှားမှုကလေးသည် ခဏမျှ ဟုတ်ခနဲ ပျောက်ကွယ်သွားပြန်သည်။ ရင်ထဲ၌ ပေါ့ပါးရှင်းလင်းလာသည်။ သူ၏ လွတ်လပ်စွာ ကလေးလိုရယ်လိုက်သံနှင့် ရထားခုတ်မောင်းနေသံသည် ရောထွေးသွား၏။ ထိုအသံနှစ်ခု ရောထွေးနေပုံမှာ ရွှင်မြူးဖွယ် ဂီတသံတစ်ခု ဖြစ်လာနေသည်။

ညနေအပြန်များတွင်လည်း ကျွန်တော့်ရထားဖြင့်ပင် ပြန်လိုက်လာသည်။

အပြန်၌ကား မြို့လုလင်သို့ ဆိုက်ရောက်လာလျှင် မှောင်ရီဆိုင်းစ

mgyoe.com

ပြုလာနေပေပြီ။ သူသည် ရထားပေါ်မှ သူ့တောင်းများကိုချပြီး ဦးကောင်းဖုံဆိုင်ရှေ့သို့ မသွားသေးဘဲ ကျွန်တော့်ကို နှုတ်ဆက်သည်။ နက်ဖြန်တွင် သူလိုက်မည် မလိုက်မည်ကိုလည်း ကြိုတင်သတင်းပေးလိုက်သည်။

"မနက်ဖြန် မြို့သစ်ဈေးနေ့"ဟု လှမ်းပြောသည်။

ရထားကြီး ထွက်ခွာလာခဲ့လျှင် သူသည် ဦးကောင်းဖုံဆိုင်ရှေ့၌ ရပ်ကျန်ရစ်ခဲ့သည်။ ရထားကြီး ဝေးလာခဲ့သည်အထိ နောက်မှ လိုက်ကြည့်နေသည်။ သူနှင့်အတူ ဦးကောင်းဖုံဆိုင်၊ ညောင်ပင်အုပ်ကြီးနှင့် မြို့လုလင်သည် အဝေး၌ ငြိမ်သက်ကျန်ရစ်ခဲ့၏။

ကျွန်တော် ခွင့်ယူတော့မည့်အခါများတွင် သူ့ကို ကြိုတင်ပြောပြထားနှင့်ရသည်။ ခွင့်ယူထားစဉ်၌ ကျွန်တော့်နေရာတွင် လူစားတစ်ယောက်ယောက် ဝင်ရောက်လုပ်ကိုင်နေရာ... သူနှင့် အဆင်ပြေမှ ပြေပါ့မလား... ဟု ကျွန်တော်သည်လည်း စိတ်ပူနေမိပြန်သည်။

တစ်ခါတစ်ရံတွင်ကား သူ့ကိုပင် ကြိုတင်မပြောနိုင်ဘဲ အရေးပေါ်ခွင့်ယူရလျှင် ကျွန်တော်သည် သူ့အတွက် စိတ်မဖြောင့်နိုင်ပင် ဖြစ်လာမိသည်။ ရက်အတန်ကြာသွားလျှင် သူ ကျွန်တော့်ကို မည်မျှ စောင့်မျှော်နေတော့မည်ကို တွေးမိသည်။

အလုပ်ပြန်ဝင်သည့်နေ့များ၌ ကျွန်တော်သည်လည်း သူစီးခိုင်းသည့် အလယ်တွဲဝ၌စီးလာကာ သူမြင်စေရန် တမင်ထွက်ရပ်လာခဲ့သည်။

သူ့ကိုလည်း သူနေနေကျ ထိုင်ခုံတွင်သာ တွေ့ရသည်။ သူ ရထားကြီးကို ငေးမျှော်ကြည့်နေပုံမှာ မျှော်လင့်ချက်ကြီးမားစွာဖြင့် စောင့်မျှော်နေပုံ ထင်ရှားနေသည်။ ထိုအသွင်သဏ္ဍာန်ကို ကျွန်တော်သည် မည်သည့်အခါတွင်မှ မေ့နိုင်မည်မဟုတ်။

သူနှင့်ကျွန်တော်သည် အဝေးကတည်းက တစ်ယောက်ကိုတစ်ယောက် စိန်းနေအောင် ကြည့်လာမိခဲ့ကြသည်။ ကျွန်တော့်ကို လှမ်းမြင်ရလျှင် သူသည် ကလေးစိတ်ပေါ်လာကာ နေရာမှ ရုတ်တရက်ထရပ်ပြီး ပြေးထွက်လာသည်။ သူ၏ ဝမ်းသာအားရဖြစ်နေဟန်ကို သူသည် ဖုံးဖိဟန်ဆောင်ထားရကောင်းမှန်းမသိ။

mgyoe.com

mgyoe.com

"ကိုရင်မောင်ကြီး"

သူသည် လူကြားထဲမှ လှမ်းအော် နှုတ်ဆက်လိုက်သည်။

ကျွန်တော်ရပ်နေရာ တွဲဝသို့ ကုန်စိမ်းတောင်းများကို ထိုးတင်သည်။ ရထားထွက်လာခဲ့လျှင် သူနှင့်ကျွန်တော်သည် တွဲဝ၌ မျက်နှာချင်းဆိုင် ယှဉ်ရပ်နေမိကြသည်။

"ဘယ်သွားနေတာလဲ" ဟု သူသည် အလောသုံးဆယ်မေးနေ၏။

ကျွန်တော်ကလည်း "ညိုညို ပိုပြီးလှလာတယ်" ဟု အမှတ်မထင် ပြောလိုက်မိသည်။

သူ့မျက်နှာမှာ ထူပိန်းသွားပြန်သည်။ သူသည် ကျွန်တော့်ကို မျက်စောင်းထိုးကြည့်သည်။

ကျွန်တော်လည်း သူ့ကိုကြည့်ရင်း ရယ်မောနေမိသည်။

"ကဲ... ဘာအပြစ်ပြောမလို့လဲ"

"မဟုတ်ဘူး၊ သူများမေးတာ ပြောစမ်းပါ၊ ကိုရင်မောင်ကြီး ဘယ်သွား ပွေနေတာလဲ၊ မှန်မှန်ပြောစမ်း"

"ဘယ်လိုထင်လို့လဲ"

"သေများ နေပလားလို့"

သူသည် ထိုစကားများကို ခပ်တိုးတိုးပြောနေစဉ်၌ ဒေါသဖြစ်လာကာ ကျွန်တော့်ကိုပင် ဆွဲယမ်းပစ်မည့်ဟန် ပေါ်လာနေသည်။

သူ့ ဆံတောက်ဆံပင်များကို နားရွက်အပေါ်သို့ ခပ်သွက်သွက် သပ်တင်သည်။

"ကိုရင်မောင်ကြီး မလိုက်တာ ဆယ်ရက်နော်... သူများ သေသေချာ ချာ မှတ်ထားတာ၊ ကိုရင်မောင်ကြီး မပါတဲ့နေ့ကလေ ကံကောင်းလို့ လက်မှတ်အဖမ်းမခံရတာ၊ ဒီကြားထဲ လက်မှတ်တွေ ဝယ်စီးနေရတယ်၊ လက်မှတ်ခတွေ လျော်ပေးရမယ်၊ သူများလည်း ဟိုလက်မှတ်စစ်ကို မျက်နှာ ကြောမတည့်တာနဲ့ ဝယ်စီးပလိုက်တာပေါ့၊ အဲဒီလက်မှတ်စစ်က ကိုမြအောင် တဲ့နော်၊ အရက်သိပ်သောက်တာ၊ ဘယ်တော့ဖြစ်ဖြစ် အရက်စော်ကိုဟောင် နေတာပဲ၊ သူ့လွယ်အိတ်ထဲမယ် အမြဲတမ်း အရက်ပုလင်းပါတယ်၊ ကိုရင်

mgyoe.com

မောင်ကြီး အရက်တော့ မသောက်နဲ့နော်...။ သူများ သိပ်မုန်းတာ၊ အဲဒီ လူကြီးက လူကိုလည်း ရိုသဲ့သဲ့ လုပ်သေးတယ်၊ ပြီးတော့ ပြောသေးတယ်... သူများက ကိုရင်မောင်ကြီးကို သိပ်လွမ်းနေပလားတဲ့... ပြန်လာတော့မှာပါ တဲ့၊ သူများလည်း အမြင်ကပ်တာနဲ့ လွမ်းနေတယ်လို့ ပြောလိုက်တယ်၊ ပြီးတော့ ကိုရင်မောင်ကြီး မိန်းမယူဖို့ အိမ်ပြန်သွားတာဆို အဲဒါ ဟုတ်သလား"

သူ့ပါးကလေးများ ပို၍ နှင်းဆီသွေးစို့ကာ မို့ကြွလာနေပုံမှာ ရင်ခုန်လှုပ်ရှားစရာပင်။ လေဇော့သဖြင့် သူ့နဖူးမှ ဆံစများသည် ဝဲပျံနေ၏။ ဤဆယ်ရက်တာအတွင်း တစ်ယောက်ကိုတစ်ယောက် မတွေ့မမြင်ရသောကြောင့် အနည်းငယ် စိမ်းသွားသလိုလည်း စိတ်၌ထင်လာမိပြန်သည်။ ကျွန်တော့်စိတ်ထဲ၌ လှုပ်ရှားနေခဲ့သည်တို့မှာလည်း ပို၍ ထင်ရှားပီပြင်လာသည်။ ကျွန်တော်ကား သူ့ကို ရင်ခွင်အတွင်းသို့ ဆွဲသွင်းပွေ့ဖက်ပစ်လိုစိတ်များ ပေါ်လာနေသဖြင့် ရင်ထဲတွင် ပူနွေးလာနေသည်။

သူသည် ကလေးစိတ်ဖြင့်...

"ကိုရင်မောင်ကြီးကို သူများ နေ့တိုင်းနေ့တိုင်း အောက်မေ့နေတာ"

စသည်ဖြင့် ပြောနေသည်။

"နောက်ကို ကိုရင်မောင်ကြီး ခွင့်ယူရင် သူများကို ကြိုပြောထားပါ၊ ဘယ်တော့မှ မမေ့ပါနဲ့"

ကျွန်တော်သည် သူ့ကို ကြာရှည်ကြည့်နေမိလျှင် ဆွဲပွေ့လိုက်မိတော့မည်ကို သိလာသည်။

ကျွန်တော်ကား စိတ်လှုပ်ရှားဆူပွက်တတ်သူ... နက်ရှိုင်းစွာ ခံစားတတ်သူအဖြစ် မိမိကိုယ်ကိုယ် ပြန်မြင်လာသည်။

ကျွန်တော်သည် ရထားနှင့်ယှဉ်လျက် ပြေးလိုက်လာနေသော အဝေးမှ တောင်တန်းကြီးများကို စိတ်မဝင်စားဘဲနှင့် ကြည့်လာခဲ့သည်။

ခပ်ဖြည်းဖြည်းရွေ့ရွေ့ လိုက်ပါနေသည့် တောင်တန်းကြီးများပေါ်၌ မြူထုကြီးများ ပိတ်ဆိုင်းနေသဖြင့် အနားသတ် မျဉ်းကြောင်းများကို မမြင်ရ။

ဖြူစင်ခဲ့သော ကျွန်တော့်စိတ်နှလုံးသားများမှာလည်း စွဲလမ်းမှုများ

mgyoe.com